# ကျေးရွာလက်စွဲစာအုပ်




## မကွေးတိုင်းဒေသကြီး

## ပခုက္ကူခရိုင်

## မြိုင်မြို့နယ်

## သီးတုန်းအုပ်စု

## ငါးမြောင်းကျေးရွာ

Scanned by CamScanner

## မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အခြေအနေ အရပ်ရပ်တို့နှင့် ဘေးအန္တရာယ် အတွေ့အကြုံများ၊ ထိခိုက်ခဲ့ရမှုများကို လူထုကိုယ်တိုင် ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း စကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သော အကြောင်းအရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ၎င်းအချက်အလက်များကို အခြေခံ၍ မိမိတို့ကျေးရွာ၊ ရပ်ကွက် တိုးတက်ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ကာ မည်ကဲ့သို့ အောင်မြင်ဖြစ်ထွန်းစေရန် ကြံဆောင်လုပ်ကိုင်နိုင်ကြမည် ဟူသော လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေး အစီအစဉ်ကို ရေးဆွဲကြခြင်းဖြစ်သောကြောင့် မိမိတို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ဖော်ထုတ်ထားသော အစီအစဉ်များဖြစ်သည်ဟု လည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အစီအစဉ်ကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်း စကားဝိုင်းနှင့် ဆွေးနွေးပွဲများ ပြုလုပ်ကာ မှတ်တမ်းပြုစုသူများမှာလည်း ဤကျေးရွာမှပင်ဖြစ်ကာ ယခုကဲ့သို့ မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်း ActionAid (INGO) အဖွဲ့မှ သင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့်ကျေးလက်စွဲစာအုပ်သည် ဘေးအန္တရာယ်များကို မည်ကဲ့သို့ကြိုတင်ကာကွယ် ရမည်၊ ထိခိုက်မှုကိုမည်ကဲ့သို့လျှော့နိုင်မည် အစရှိသည့်နည်းလမ်းများကို လုပ်ဆောင်လာနိုင်ရန် လမ်းညွှန်မှုများကိုလည်း ပြုလုပ်နေပါသောကြောင့် ဘေးအန္တရာယ်ကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍတို့တွင် ထိခိုက်ဆုံးရှုံးရမှုများကို လျှော့နည်းသက်သာစေမည် လည်း ဖြစ်ပါသည်။

ဤကဲ့သို့ တစ်ရွာလုံး၏ အတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကို တနေရာတည်း၌ စုစည်းတင်ပြထားသောကြောင့် အလွယ်တကူ ဖတ်ရှု၍ သိရှိနိုင်ကာ ရေရှည်၌ မိမိတို့၏ တစ်ဦးချင်း၊ မိသားစုနှင့် တစ်ရွာလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင် အနှောက်အယှက်အန္တရာယ်တို့ လျှော့နည်းကာ တရွာလုံးမှသည် ဒေသတစ်ခုလုံး တိုးကက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစု တင်ပြအပ်ပါသည်။

(ဤကျေးရွာလက်စွဲစာအုပ်အား ဖတ်ရှု၍ နိုင်ငံတော်မှ လည်းကောင်း၊ INGO/NGO အဖွဲ့အစည်း အသီးသီးမှ လည်းကောင်း၊ မိမိရပ်ရွာမှ လည်းကောင်း ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက်သိရှိဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်။)

လေးစားစွာဖြင့်

အောင်မင်းနိုင်

အပူပိုင်းဇုံဒေသစီမံကိန်းမန်နေဂျာ

အက်ရှင်အေဒ့်မြန်မာ

ဖ- ၀၉၄၄၀၂၆၉၇၊ ၀၆၂ ၆၀၄၀၂

Scanned by CamScanner

## ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

ဤမှတ်တမ်းပါအကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏လိုအပ်ချက်များနှင့် ဖြေရှင်းနည်းလမ်းများဖြစ်ပါသည်။

ယခုကဲ့သို့ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ဆောင်ရန်လိုအပ်နေမှုများကို သေသေချာချာနည်းလည်သဘောပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသောအဖြေနှင့်ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါအချက်အလက်များသည် ယခင်နှင့်ယခုနှိုင်းယှဉ်ပြ၍သင်ခန်းစာယူစရာများ၊ ကြိုတင်သတိမူစရာများနှင့်ပိုမိုကောင်းမွန်သောနည်းလမ်းကိုဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူကျေးရွာသားများကိုယ်တိုင် တတ်သိပညာရှင်များနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများနှင့်လည်းကောင်း ပိုမို၍အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်းဖြစ်ပါသည်။

အထူးမှာ.. ယခုကဲ့သို့ကျေးရွာသူကျေးရွာသားများ စုစည်းညီညာစွာတိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေတိုရေရှည်မှာပါ ပို၍ထိရောက်အောင်မြင်မှာ မလွဲပါ။

ထို့ပြင် မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကိုတိကျသေချာအကျိုးရှိအောင် ကြိုးစားဖော်ထုတ်လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအကျိုးဆောင်လူငယ် မောင်သိန်းနိုင်၊ မောင်မျိုးမင်းထွန်းနှင့်ကျေးရွာသူကျေးရွာသားများ အက်ရှင်အေ့ဒ်(မြန်မာ)မှ ကွင်းဆင်းဝန်ထမ်းများ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှတက်သည့် ပညာရှင်များပင်ဖြစ်ပါတော့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး
ငါးမြောင်းကျေးရွာ၊ သီးတုန်းအုပ်စု
မြိုင်မြို့နယ်

Scanned by CamScanner

# မြေပုံများရေးဆွဲရခြင်း၏ရည်ရွယ်ချက်

## လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် လူဦးရေ၊ အိမ်ခြေ၊ မိသားစုများ၏ ထိခိုက်လွယ်သူများနေထိုင်ရာနေရာနှင့်တကွ မှတ်တမ်းတင်နိုင်ရန်။ (သက်ကြီးဦးဆောင်သောအိမ်၊ အမျိုးသမီးဦးဆောင်နေသောနေအိမ်၊ မသန်စွမ်းရှိသောအိမ် စသည်ဖြင့်)
- ကျေးရွာ၏လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေရရှိနိုင်မှုအနေအထားများ။
- ကျေးရွာ၏စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု၊ သစ်တောနှင့်သဘာဝအရင်းအမြစ်များရရှိမှုနှင့် အသုံးပြုနိုင်မှု။
- ကျေးရွာ၏တည်နေရာနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများဆက်စပ်လုပ်ကိုင်နေမှုများ၊ လူမှု/စီးပွားအခြေအနေ။
- ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော နေရာများအားသတ်မှတ်ဖော်ထုတ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန်။

## ရာသီခွင်ပြဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါများကျရောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေမှုကိုသိရှိနိုင်ရန်။
- ကျေးရွာ၏ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်တတ်သောလများ (မိုးကြီး၊ မိုးခေါင်၊ ရေရှား၊ မီးဘေး၊ စသည့်ဖြင့်) သိရှိနိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်၊ ကာကွယ်နိုင်ကြရန်။
- လူမှုရေးနှင့်ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး။
- လအလိုက် ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့်ဝင်ငွေမမျှတမှုကို နည်းလမ်းရှာ၍ ဖြေရှင်းနိုင်ရန်။

Scanned by CamScanner

ကျေးရွာ၏ပြဿနာသစ်ပင်ရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏အခက်အခဲပြဿနာများဖြစ်ရခြင်းအကြောင်းအရင်းများကို သတ်မှတ်ဖော်ထုတ်ပြီး အကိုင်းအခက်များသဖွယ် ဖြာထွက်လာသောအကျိုးဆက်များနှင့်အသီးအပွင့်များသဖွယ်ဖြစ်တည်လာသော နောင်ဆက်လက်ဖြစ်ပွားမည့် မျိုးစေ့နှင့် လက်ရှိပြဿနာအသီးအပွင့်များကို သိရှိနားလည်လာပြီး ၄င်းပြဿနာသစ်ပင်ပေါက်ပွားမှုအားမျိုးသုန်းပျောက် ကွယ်သွားအောင် အမြစ်၊ အပင်၊ အကိုင်း၊ အသီးအပွင့်နှင့်မျိုးစေ့များကိုဖယ်ရှား သုတ်သင်နိုင်လာနိုင်စေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ"ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်" ဟူသောအကြောင်းအကျိုးပြရှင်းလင်းအဖြေရှာခြင်းနှင့် ဆင်တူပါသည်။
- "သတိမမူ ဂူမမြင်" ဟူသော အဆုံးအမအတိုင်း သတိမမူမိခဲ့သော ပြဿနာအခက်အခဲများသည် သစ်ပင်သဖွယ်ရှင်သန်ကြီးထွားနေမှုအား ရပ်တန့်ရန် (သို့) သတိမူမိခဲ့သော်လည်း မဖြေရှင်းနိုင်လောက်အောင် ပြဿနာကြီးမားနေမှုကို ရှင်းလင်းစွာသိရှိကြပြီးတတ်သိပညာရှင်များနှင့် ပူးပေါင်းကာနည်းလမ်းရှာသုတ်သင်နိုင်လာစေရန်။
- ပြဿနာအခက်အခဲများသည် အရေအတွက်နှင့် ပမာဏအားဖြင့် များပြားကြီးမားသောကြောင့် တစ်ခုနှင့်တစ်ခုဆက်နွယ်ကာ ပိုမိုရှုပ်ထွေးသော ပြဿနာသစ်ပင်များစုစည်းပေါ်ပေါက်နေမှုသည် ဆင်းရဲမှုကို ပိုမိုဖြစ်ပေါ်နေစေကြောင်း သိသာထင်ရှားလာစေရန်။
- "သို့သော် အနာသိက ဆေးရှိသည်" ဟူသော လောကဓမ္မတာအတိုင်း အနာကိုအတိအကျသိရှိလာနိုင်စေရန်နှင့် ပျောက်ကင်းအောင်ကုသရန် ဆေးညွှန်းကို တိကျစွာဖော်စပ်လာနိုင်စေရန်။

ပြဿနာဖြေရှင်းမှုစက်ကွင်းရေးဆွဲဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်

- ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်းဖြေရှင်းအဖြေရှာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာသူ/သားများ၏ အတွေးအမြင်၌ မဖြစ်နိုင်ဟူသော သံသယသည် ကင်းစင်ပပျောက်စေပြီး ပိုမိုစိတ်အားထက်သန်ကာ "လိုလျှင်ကြံဆနည်းလမ်းရ" ဟူသောဆောင်ပုဒ်အတိုင်း အများနှင့်အတူ ဆွေးနွေးတိုင်ပင်ကာ နည်းလမ်းများကို ကြံဆနိုင်စေရန်။

Scanned by CamScanner

## ူးခြားဖြစ်စဉ်ပြဇယားရည်ရွယ်ချက်

- ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/သားများကို အခက်အခဲအကြပ်အတည်းတွေ့စေခဲ့သော ခုနှစ်များကို သက်ကြီးစကားသက်ငယ်ကြားဖြင့် ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် မျိုးဆက်နှစ်ဆက်သုံးဆက်အလွန်ကာလနှင့် ယခုကာလအထိ အခက်အခဲအကြပ်အတည်းများကို သိရှိလာစေပြီး နောင်အခါတွင် ၄င်းအခက်အခဲမျိုးဖြစ်ပေါ်နိုင်ခြေကို သတိရှိသွား ပြီး ကြိုတင်ပြင်ဆင် ကာကွယ်မှုလုပ်ဆောင်နိုင်စေရန်။
- အထူးအားဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့သော ကြီးမားသည့် သဘာဝဘေးအန္တရာယ်ထိခိုက်ခဲ့ရမှုများနှင့် လူတို့ကဖန်တီးခဲ့သော ဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ/သားများ အခက်အခဲအကြပ်အတည်းဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာရယူနိုင်ရန် နှင့်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်အသိများရရှိစေရန်။
- အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် “အကောင်း” “အဆိုး” ဒွန်တွဲနေနိုင်သည်ကို သင်ခန်းစာရရှိစေရန်။
- အပူပိုင်းဇုံဒေသသည် မိုးခေါင်ခြင်း သီးနှံများပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့် စိုက်ပျိုးရေ အခက်အခဲဖြစ်ရခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသောအချက်သည် သာမန်ဖြစ်ရိုးဖြစ်စဉ်ဟု အမြင်ရှိနေသော မျိုးဆက်သစ် အသက်အရွယ်ငယ်ရွယ်သူများက ထင်မှတ်နေမှုကို ယခင်ကလည်းကြုံဖူးသည်ဟူသော ထင်ရှားသောသတိပေးမှုကြောင့်ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းနည်းလမ်းများကိုရှာဖွေ၍ ရပ်ရွာ၏မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုးဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက် သွယ်ရေးမကောင်းရမှု၊ ပညာရေးနှောင့်နှေးရမှု၊ သတင်းဆက်သွယ်ရေးအခက်အခဲ စသည့်တို့သည် ဆင့်ကဲဖြစ်စဉ်များအဖြစ် ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှု အခက်အခဲကို ဖြစ်ပေါ် စေနေသည့်ကို ထင်ရှားသိစေရန်။

Scanned by CamScanner

- ၄င်းနည်းလမ်းများသည် တစ်ယောက်အားဖြင့်ယူသော်မရ အများအားဖြင့်ယူသော်ရ၏ ဟူသောလမ်းညွှန်ဆုံးမမှုအတိုင်း မိမိမသိသည်ကိုသိသူက၊ မိမိမစွမ်းနိုင်သည်ကို စွမ်းနိုင်သူက၊ မိမိမလုပ်နိုင်သည်ကို လုပ်နိုင်သူကတာဝန်ယူကာဖြေရှင်းမည့်နည်းလမ်းများ ပေါ်ထွက်လာစေရန်။
- ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ရွာအတွက် ဆင်းရဲမှုဟူသောဝန်ထုတ်ဝန်ပိုးသည် ဆွဲအားအောက်သို့သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှနည်းလမ်းများ တည်းဟူသော မိုးပျံပူပေါင်းများက ဆွဲ မလိုက်၍ အောက်ဆွဲအားကို ဆန့်ကျင်ဖယ်ရှား လျှက် အထက်သို့ပေါ့ပါးစွာရုန်းထွက် ပျံတက်သွားနိုင်ပုံကို ဥပမာတင်စား၍ ရှင်းလင်း အဖြေရှာတင်ပြခြင်းဖြင့်နားလည်စေခြင်း။
- "ဆင်းရဲမှု" နှင့် "ဆင်းရဲမှုမှလွတ်မြောက်မှု" အားပြိုင်ဆွဲငင်ကြသောကြောင့် အားသက်ရောက်မှု စက်ကွင်းဟုခေါ်ဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသော အသိကို ရရှိစေခြင်း။

**အနာဂတ်မျှော်မှန်းချက်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်**

- အိပ်မက်မြေပုံသည် ကျေးရွာနှင့်ရွာသူရွာသားတို့ လူမှုစီးပွားအခြေအနေအရပ်ရပ်များကို မည်ကဲ့သို့မြင်တွေ့လိုပါကြောင်း ရွာသူရွာသားတို့၏ဆန္ဒနှင့် သဘောထားတို့ကို ထင်ဟပ်သော အနာဂတ်မျှော်မှန်းချက်များ၏ ပုံသဏ္ဍာန်ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုကို ရွာသူရွာသားများကိုယ်တိုင် ပုံဖော်ကြည့်မည့်အစီအစဥ်များအား အဓိကထား၍ မျှော်မှန်းကာအနာဂတ်ကို အလှပဆုံးနှင့် အဓိပ္ပါယ်အရှိဆုံးဖြစ်လာရန် ပဏာမခြေလှမ်းပင်ဖြစ်ပါတော့သည်။

Scanned by CamScanner

ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖေါ်ဖယားရေးဆွဲ ရခြင်းရည်ရွယ်ချက်

- လက်တွေ့အကောင်အထည်ဖော်မည့်အစီအစဉ်သည် ကျေးရွာ၏ လိုအပ်ချက်များ ဦးစားပေးလုပ်ဆောင်ရန်အစီအစဉ်နှင့် အနာဂတ်ကျေးရွာအိပ်မက်များကို အမှန်တကယ်ရရှိလာနိုင်ရန်အတွက် တိကျသေချာသောတာဝန်ခွဲဝေယူမှုနှင့် မည်သို့လုပ်ဆောင်မည်၊ မည်သူကလုပ်ဆောင်မည်နှင့် မည်သည့်အချိန်တွင် လုပ်ဆောင်ကြမည်များကိုကျေးရွာသူ၊ သားများကို ကိုယ်တိုင်တာဝန်ခွဲဝေသတ်မှတ်ကြခြင်းဖြစ်ပါသည်။

အမျိုးသမီးဆိုင်ရာသုံးသပ်ချက် ရေးဆွဲရခြင်းရည်ရွယ်ချက်

- အမျိုးသမီးသက်ငယ်/သက်ကြီး(ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေတို့ကို မှတ်တမ်းပြုစုနိုင်ပြီးအခက်အခဲများအားကျော်လွှားလာနိုင်ကာ မိသားစုနှင့် ရပ်ရွာကိုဦးဆောင်နိုင်မှု အခွင့်အလမ်းနှင့် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်။
- " ပုခက်လွှဲသောလက်သည် ကမ္ဘာကို ကိုင်လှုပ်နိုင်သော ခွန်အားနှင့် စွမ်းရည်အပြည့်အဝရှိသည် "ဆိုသည့် ဆိုရိုးစကားအား ပိုမိုကျယ်ပြန့်စွာအသိအမှတ်ပြုလာနိုင်စေရန်။
- ကျား၊ မ တန်းတူညီမျှမှုရှိရေး ရပ်ရွာမှသိမြင်လက်ခံလာပြီး ခွဲခြားဆက်ဆံမှုပပျောက်နိုင်ရန်၊ ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့သည် ညီ၊ အစ်ကို၊ အဖေ၊ အဖိုး၊ ဦးရီးတို့နှင့်အတူတူပင် စွမ်းဆောင်ရည်များ ပြည့်ဝကြောင်း ထင်ရှားသိလာကြစေရန်။

Scanned by CamScanner

ကျေးရွာအခြေခံ သတင်းအချက်အလက် အနှစ်ချုပ်

- ကျေးရွာအမည် -- ငါးမြောင်းကျေးရွာ
- ကျေးရွာအုပ်စု -- သီးတုန်းအုပ်စု
- မြို့နယ် -- မြိုင်မြို့နယ်
- တိုင်းဒေသကြီး -- မကွေးတိုင်းဒေသကြီး
- အိမ်ခြေ စုစုပေါင်း -- ၁၉၁
- အိမ်ထောင်စု စုစုပေါင်း -- ၁၉၉

အသက်အပိုင်းအခြားအလိုက်ဦးရေ

| လူဦးရေ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၄၅၆ | ၄၃၇ | ၈၉၃ |
| ၀မှ ၅နှစ်အောက် | ၃၃ | ၃၈ | ၇၁ |
| ၅မှ ၁၃နှစ်အောက် | ၆၀ | ၄၉ | ၁၀၉ |
| ၁၃မှ ၁၈နှစ်အောက် | ၅၇ | ၃၆ | ၉၃ |
| ၁၈မှ ၃၅နှစ်အောက် | ၁၄၃ | ၁၄၂ | ၂၈၅ |
| ၃၅မှ ၆၀အောက် | ၁၃၀ | ၁၃၄ | ၂၆၄ |
| ၆၀နှစ်နှင့် အထက် | ၃၃ | ၃၈ | ၇၁ |

| မိသားစုအမျိုးအစား | တောင်သူ | ကျပန်း | ထန်း | |
|---|---|---|---|---|
| ပေါင်း | ၂၆ | ၁ | - | ၂၇ |
| သက်ကြီးဦးဆောင်သောမိသားစု စုစုပေါင်း | ၇ | ၁၀ | | ၁၇ |
| အမျိုးသမီးဦးဆောင်မိသားစု စုစုပေါင်း | | | | |
| မသန်းစွမ်းဦးဆောင်မိသားစု | | | | |

Scanned by CamScanner

အလုပ်အကိုင် ပိုင်ဆိုင်မှုနှင့် ထိစိုက်လွယ်အုပ်စု အမျိုးအစားအရမှတ်တမ်း

| စဉ် | အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမည် | ဦးရေ |
|---|---|---|
| 1 | နေ့စားလုပ်သား | |
| 2 | ထန်းတောပိုင်သူ | |
| | • ထန်းပင်(၂၀)အောက်ပိုင်သူ | |
| | • ထန်းပင်(၂၀) မှ ၅၀ ကြား)ပိုင်သူ | - |
| | • ထန်းပင်(၅၀ မှ ၁၀၀ ကြား)ပိုင်သူ | |
| | • ထန်းပင်(၁၀၀)အထက်ပိုင်သူ | |
| 3 | ထန်းလုပ်သား | - |
| 4 | ဈေးရောင်း | |
| | • အကြော် / ပဲပြုတ် | ၁ |
| | • ဟင်းသီးဟင်းရွက် | |
| | • ကုန်စုံဆိုင်(အကြီး) | |
| | • ကုန်စုံဆိုင်(အသေး) | ၄ |
| | • | |
| 5 | လယ်ယာပိုင်သူ | |
| | • လယ် / ယာ (၁)ဧက အောက်ပိုင်သူ | ၇၂ |
| | • လယ် / ယာ (၂)ဧက အောက်ပိုင်သူ | ၃၄ |
| | • လယ် / ယာ (၃)ဧက အောက်ပိုင်သူ | ၁၁ |
| | • လယ် / ယာ (၄)ဧက အောက်ပိုင်သူ | ၄ |
| | • လယ် / ယာ (၅ မှ ၉)ဧက အောက်ပိုင်သူ | ၄ |
| | • လယ် / ယာ (၁၀)ဧကနှင့် အထက်ပိုင်သူ | ၁ |
| | • | |

Scanned by CamScanner

## ပညာရေးအခြေအနေ

### ကျောင်းအမျိုးအစား/ ဝန်ထမ်း

- ကျောင်းဆရာ/ ဆရာမ ဦးရေ – ၁၃
- မူလတန်း – ၅
- အလယ်တန်း – ၅
- အထက်တန်း – ၃
- ကျောင်းအုပ် – ၁

### ပညာတတ်မြောက်မှု

- ဘွဲ့ရ – ၁၀
- အထက်တန်းအောင် – ၆၂
- အထက်တန်း – ၅၅
- အလယ်တန်း – ၁၂၇
- မူလတန်း – ၃၉၅
- ဘက – ၁၁၁
- ပညာမတတ် – ၄၄
- အသုံးလုံး – ၄၃

### ကျန်းမာရေး

- ဆေးခန်း
- အရံသားဖွား – ၁

### ကျန်းမာရေး ဆိုင်ရာအခြေအနေ

- အိမ်သာအသုံးပြုသော မိသားစု – ၁၈၀
- အဖြစ်များသောရောဂါများ – အအေးမိ

### မသန်စွမ်း

- လက်တစ်ဖက် – ၁
- မျက်မမြင် – ၂
- ကျပ်မပြည့် – ၈

### အလုပ်အကိုင် ဆိုင်ရာများ

- တောင်သူ – ၁၂၂
- ပန်းရံလက်သမားသူ – ၁
- အကြော်ကြော်ရောင်းသူ – ၁

Scanned by CamScanner

အဓိကအသက်မွေးဝမ်းကြောင်းနှင့်ပတ်သက်သော ပိုင်ဆိုင်မှုများ

- ဆိုင်ကယ် – ၁၀၀
- အပ်ချုပ်စက် – ၃
- လယ်ထွန်စက် – ၂
- ကား – ၇
- နွားလှည်း – ၂၀
- နွားလှည်း(ရေစည်) – ၅
- သုံးဘီး – ၁
- နွားစာစဉ်းစက် – ၂
- စပါးကြိတ်စက် – ၃

မွေးမြူရေးဆိုင်ရာ ပိုင်ဆိုင်မှုများ

- နွား(ခိုင်း) – ၃၀
- နွား(မွေး) – ၂၅
- ဝက် – ၄၇
- ကြက်ခြံ – မရှိ
- ဆိတ် – မရှိ

ရွှေ့ပြောင်းလုပ်သားဦးရေ

- ပြည်တွင်း – ၂၁၃
- ပြည်ပ – ၆၇

စိုက်ပျိုးမြေပိုင်ဆိုင်မှု (ဧက)

- လယ်မြေ – ၁၂၂.၅
- ယာမြေ – ၅၂.၇၅


သောက်သုံးရေရရှိမှု

- ဂွေကျယ် ရေတွင်း – ၁၀တွင်း
- ချောင်း – ၁

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဘိုးဝင်းအုပ်စု၊ ငါးမြောင်းကျေးရွာ၏
လူမှုရေး နှင့် အရင်းအမြစ် ပြမြေပုံ

ရက်စွဲ - ၆-၁၂-၁၉



လူမှုရေးပြ သင်္ကေတ

- သွပ်မိုး အုတ်ကာအိမ်
- သွပ်မိုး ပျဉ်ကာအိမ်
- သွပ်မိုး ထရံကာအိမ်
- ဖက်မိုး ဖက်ကာအိမ်

အရင်းအမြစ်ပြ သင်္ကေတ

- ဘုန်းကြီးကျောင်း
- စာသင်ကျောင်း
- စေတီ
- သစ်ပင်
- မြေနီလမ်း
- ချောင်း
- ရေတွင်း
- ယာမြေ
- လယ်မြေ
- သုသာန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ

၏

လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ အစီရင်ခံစာ

နေ့စွဲ– ၆၊ ၁၂၊ ၁၉

၁။ တည်နေရာ

မကွေးတိုင်းဒေသကြီး၊မြိုင်မြို့နယ်၊သီးတုန်းအုပ်စု၊ငါးမြောင်းကျေးရွာသည် မြိုင်မြို့နယ်၏အစွန်အဖျား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ပုလဲမြို့နယ်နှင့်ကပ်လျက်တည်ရှိသည်။ ငါးမြောင်းကျေးရွာ၏တောင်ဘက်(၂)မိုင်အကွာတွင် သီးတုန်းကျေးရွာ၊ အရှေ့တောင်ဘက်(၃)မိုင်အကွာတွင်ပျဉ်းဝင်းကျေးရွာ၊ အနောက်တောင်ဘက်(၂)မိုင်အကွာတွင် ငါးဝင်းကျေးရွာ၊မြောက်ဘက်(၁)မိုင်အကွာတွင်ပုလဲမြို့နယ်၊ပေပင်ကျေးရွာ၊အနောက်ဘက်(၄)မိုင်အကွာတွင်ပုလဲမြို့နယ်၊ ပုလဲမြိုင်ကျေးရွာတည်ရှိသည်။ပခုက္ကူမြို့မှ(၅၅)မိုင်ခန့်ကွာဝေး၍ မြိုင်မြို့နှင့်(၂၈)မိုင်ခန့်ကွာဝေးပါသည်။
စစ်ကိုင်းတိုင်း
ဒေသကြီး၊ ပုလဲမြို့နှင့် (၂၄)မိုင် ကွာဝေးသည်။

၂။ လူမှုရေးပြ အခြေအနေ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာတွင် အိမ်ခြေစုစုပေါင်း(၁၉၁)ရှိ၍ အိမ်ထောင်စုပေါင်း(၁၉၉)ရှိပါသည်။ ကျေးရွာ၏လူဦးရေစုစုပေါင်းမှာ(၈၉၃)ဦးရှိ၍ (ကျား)ဦးရေ(၄၅၆)၊ (မ)ဦးရေ (၄၃၇)ရှိပါသည်။

၀ – ၅ နှစ်အောက် (၇၁)

၅ – ၁၃ နှစ်အောက် (၁၀၉)

၁၃ – ၁၈ နှစ်အောက် (၉၃)

၁၈ – ၃၅ နှစ်အောက် (၂၈၅)

၃၅ – ၆၀ နှစ်အောက် (၂၆၄)

၆၀ နှစ်နှင့်အထက် (၇၁)ရှိပါသည်။

မသန်စွမ်းဦးရေ (၁၀)ဦး

စိတ်ကျန်းမာရေးချို့တဲ့သူ (၈)ဦးရှိပါသည်။

သက်ကြီးဦးဆောင်မိသားစု (၂၇)ဦး၊

အမျိုးသမီး ဦးဆောင်မိသားစု (၁၇)ဦး ရှိပါသည်။

၃။ စီးပွားရေးပြအခြေအနေ

မကွေးတိုင်းဒေသကြီး၊မြိုင်မြို့နယ်၊ငါးမြောင်းကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြသည်တောင်သူ (၁၂၂)ဦး၊ယာအငှါးချ(၅)ဦး၊ကျပန်း(၆၃)ဦး၊ဝန်ထမ်း(၃)ဦး၊ရွှေ့ပြောင်းလုပ်သား(၂၇၀)ခန့်ရှိပါသည်။ မိုးနည်းရပ်ဝန်းတွင် ကျရောက်သော ကျေးရွာတစ်ရွာဖြစ်သည့်အတွက် သီးနှံထွက်နှုန်းနည်းပါးခြင်း၊ လမ်းမကောင်းသည့်အတွက်

Scanned by CamScanner

သယ်ယူစရိတ်မြင့်မားခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကြောင့် ကျေးရွာလူထုအများစုမှာစီးပွားရေးဆင်မပြေကြသဖြင့် ဖားကန့်၊ရွှေလီ၊ကွတ်ခိုင်၊မန္တလေး၊ရန်ကုန်၊မိုးကုတ်၊တနိုင်း၊ရေနံမှော်များသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်ကြပြီး တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာဖွေကြသော်လည်းအလွန်ဆင်းရဲသောမိသားစု(၇၀)ခန့်၊ဆင်းရဲသောမိသားစု(၁၂၀)ခန့်၊ အသင့်အတင့်မိသားစု(၁၀)ဦးခန့်သာရှိပါသည်။ ငါးမြောင်းကျေးရွာသည် တောင်သူအဆင်မပြေခြင်း၊ လမ်းမကောင်းသဖြင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ ရွှေ့ပြောင်းလုပ်သားများမှာလည်း အလုပ်အကိုင်အဆင်မပြေခြင်းများကြောင့် ဆင်းရဲသောမိသားစုအများစုရှိသော ကျေးရွာဖြစ်သည်။

၄။ ကျန်းမာရေး အခြေအနေ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ငါးမြောင်းကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိဘဲ အရန်သားဖွားဆရာမတစ်ယောက်နှင့် ကျန်းမာရေးလုပ်သားတစ်ယောက်သာရှိ၍ ကျန်းမာရေးအရေးပေါ်ဖြစ်ပေါ်လာပါက (၁၀)မိုင်ခန့်အကွာရှိ ဗဟင်းတိုက်နယ်ဆေးရုံ၊ (၂၈)မိုင်ခန့်အကွာရှိ မြိုင်မြို့နယ်ပြည်သူ့ဆေးရုံ၊ (၅၅)မိုင်ခန့်အကွာရှိ ပခုက္ကူမြို့ခရိုင်ဆေးရုံ၊ (၂၄)မိုင်အကွာရှိ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်ပြည်သူ့ဆေးရုံ၊ (၅၂)မိုင်အကွာရှိ မုံရွာမြို့ခရိုင်ဆေးရုံများသို့ သွားရောက်ကုသကြရသည်။ မိုးရာသီလမ်းမကောင်း၍ ဆေးရုံသို့မသွားနိုင်သည့်အခါများတွင် ဒုက္ခရောက်ကြရ၍ အသက်မဆုံးရှုံးသင့်ဘဲဆုံးရှုံးရသည်အထိရှိသည်။

၅။ ပညာရေးအခြေအနေ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ငါးမြောင်းကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်းခွဲရှိပြီး ကျောင်းသားဦးရေ(၁၂၉)ဦးရှိ၍ ကျောင်းအုပ်ဆရာမကြီးတစ်ယောက်၊ အထက်တန်းပြ(၃)ယောက်၊ အလယ်တန်းပြ(၅)ယောက်၊ မူလတန်းပြ (၅)ယောက်ရှိသည်။ (၁၉၈၁)ခုနှစ်တွင် ကိုယ်ထူကိုယ်ထမူလတန်းကျောင်း စတင်ဖွင့်လှစ်ခဲ့၍ (၁၉၈၆)ခုနှစ်တွင် အစိုးရအသိအမှတ်ပြုမူလတန်းကျောင်း၊ (၂၀၀၉)ခုနှစ်တွင် မူလတန်းလွန်ကျောင်း၊ (၂၀၁၄)ခုနှစ်တွင် အလယ်တန်းကျောင်းခွဲ၊ (၂၀၁၇)ခုနှစ်တွင် အလယ်တန်းကျောင်းအဆင့်၊ (၂၀၁၈)ခုနှစ်တွင် အထက်တန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ကျောင်းဝန်းအကျယ်အဝန်း အလျား(၂၆၁)ပေ၊ အနံ(၂၀၄)ပေ၊ ဧက=၁.၂၅ဧက ကျယ်ဝန်း၍ မူလတန်းဆောင်(၁)၊ လ(ခွဲ)ဆောင် (၁)၊ KG(၁)ရှိသည်။ မူလတန်းဆောင်သည် သွပ်မိုး၊အုတ်ကာ၊ အခန်းအရေအတွက် (၆)ခန်း၊ အလျား(၁၂၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့်(၁၂)ပေရှိ၍ စာသင်ခန်းတခုနှင့်တခု ပိုင်းခြားထားခြင်း မရှိပါ။ အထက်တန်း(ခွဲ)ဆောင်သည် သွပ်မိုး၊ ပျဉ်ကာ၊ အဆောက်အဦး၊ အခန်းအရေအတွက် (၅)ခန်း အလျား(၁၀၀)ပေ၊ အနံ(၁၅)ပေ၊ အမြင့်(၁၀)ပေရှိပြီး စာသင်ခန်းများပိုင်းခြားထားခြင်းမရှိပါ။ KG တန်းအတွက် စာသင်ဆောင်သည် အလျား(၂၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့်(၁၂)ပေ၊ စာသင်ခန်းတစ်ခန်း၊ သွပ်မိုး၊ အုတ်ကာဖြစ်သည်။ ကျောင်းသားကျောင်းသူများအတွက်အားကစားကွင်းမရှိပါ။ ငါးမြောင်းကျေးရွာတွင် အခြေခံပညာအထက်တန်းအောင်(၆၂)ယောက်ရှိ၍ ဘွဲ့ရ(၁၀)ယောက်သာရှိသည်။ ဘွဲ့ရ(၁၀)ယောက်တွင် အစိုးရဝန်ထမ်း(၃)ယောက်၊ ကုမ္ပဏီဝန်ထမ်း(၂)ယောက်ရှိသည်။

Scanned by CamScanner

၆။ စိုက်ပျိုးရေးအခြေအနေ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ငါးမြောင်းကျေးရွာတွင် တောင်သူလုပ်သူ(၁၂၂)ဦးရှိပြီး လယ်ဧက (၁၂၂.၅)ဧက၊ ယာဧက(၉၂.၇၅)ဧက ရှိသည်။ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ကုလားပဲ၊ပဲစဉ်းငုံ၊နှမ်းတို့ဖြစ်၍ တောင်သူလုပ်ငန်းမှာ မိုးရွာသွန်းမှုမမှန်ခြင်း၊ မြေမကောင်းခြင်း၊ စနစ်တကျစိုက်ပျိုးနည်းများမသိခြင်းတို့ကြောင့် တောင်သူအများစုအရှုံးပေါ်ကြရသည်။ စိုက်ပျိုးရေးအဆင်မပြေကြ၍ ရွှေ့ပြောင်းလုပ်သားများလည်း တစ်နှစ်ထက်တစ်နှစ်များပြားလာသည်။

၇။ အရင်းအမြစ်အရေအတွက်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ငါးမြောင်းကျေးရွာတွင် ဘုန်းကြီးကျောင်း(၁)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(၁)ကျောင်းရှိပါသည်။ ကျေးရွာ၏သောက်သုံးရေအနေဖြင့် တွင်းတိမ်လက်ငင်တွင်းအများစုကို မှီခိုအားထားကြရသည်။ ရေတွင်းအရေအတွက် (၁၀)တွင်းခန့်သာရှိသည်။ လယ်(၁၂၂.၅)ဧက၊ ယာ(၉၂.၇၅)ဧက၊ ကြိုးပြင်သစ်တော(၁)တော၊ ထွန်စက်(၈)စီး၊ ဆိုင်ကယ်(၁၀၀)စီး၊ ကား(၇)စီးရှိသည်။

၈။ ထိခိုက်လွယ်မှု

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ငါးမြောင်းကျေးရွာတွင် စိတ်ကျန်းမာရေးချို့တဲ့သူ(၈)ဦး၊မသန်စွမ်း(၁၀)ဦး၊ သက်ကြီးဦးဆောင်မိသားစု(၂၇)ဦး၊ အမျိုးသမီးဦးဆောင်မိသားစု(၁၇)ဦး ကျန်းမာရေးအရေးပေါ်ဖြစ်ပေါ်လာပါက (၁၀)မိုင်ခန့်ရှိ ဗဟင်းတိုက်နယ်ဆေးရုံ၊ (၂၄)မိုင်ခန့်ရှိပုလဲဆေးရုံ၊ ပခုက္ကူဆေးရုံ၊ မုံရွာဆေးရုံများသို့ သွား
ရောက်ကုသရင်း လမ်းမကောင်းသည့်အတွက် အချိန်မှီဆေးရုံသို့မရောက်သောကြောင့် အသက်မဆုံးရှုံးသင့်ဘဲဆုံးရှုံးနေကြရသည်။

၉။ အခြား

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ငါးမြောင်းကျေးရွာတွင် အိမ်ခြေ(၁၉၁)၊ အိမ်ထောင်စု(၁၉၉)၊ လူဦးရေစုစုပေါင်း(၈၉၃)ရှိ၍ တောင်သူလုပ်ငန်းလုပ်ကိုင်သူ(၁၂၂)၊ ကျပန်း(၆၃)ဦး၊ ရွှေ့ပြောင်းလုပ်သား(၁၅၀)ဦးရှိသည်။ ငါးမြောင်းကျေးရွာသည် နယ်စွန်နယ်ဖျားကျရောက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ စီးပွားရေးအဆင်မပြေခြင်း၊ ပညာရေးနိမ့်ကျခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်းများကြောင့် လူမှုဘဝနိမ့်ကျ၍ ဖွံ့ဖြိုးမှုမှာလည်းအနှောင့်နှေးဆုံးနေရာ ဖြစ်ပါသည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ

၏

လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံရေးဆွဲခြင်းနှင့် အစီရင်ခံစာတင်ပြရန် အစည်းအဝေးမှတ်တမ်း

နေရာ။ ။ငါးမြောင်းကျေးရွာ၊ သီးတုန်းအုပ်စု၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး

အစည်းအဝေးပြုလုပ်ရခြင်း၏ရည်ရွယ်ချက်။ ။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံရေးဆွဲရန်နှင့်သုံးသပ်ရန်

| | |
|---|---|
| နေ့စွဲ – ၆.၁၂.၂၀၁၉ | အစည်းအဝေးစတင်ချိန် နံနက် (၉)နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ – ထ(ခွဲ)ကျောင်း | ပြီးဆုံးချိန် နံနက် (၁၂)နာရီ |
| ပံ့ပိုးသူအမည် – မောင်သိန်းနိုင် | ကြာချိန် (၃)နာရီ |

ကျေးရွာဖွံ့ဖြိုးရေးလူငယ် မောင်သိန်းနိုင်မှ အစည်းအဝေးတက်ရောက်သူများအားကြိုဆိုကာ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းပြပါသည်။ ကျေးရွာရာအိမ်မှူး ဦးဝင်းကြိုင်မှ ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဖြစ်သည့်အတွက် အချိန်ပေးရမည်ဟုပြောပါသည်။

မောင်သိန်းနိုင်မှ ရပ်ရွာလူထုအား ရွာ၏ပုံသဏ္ဌာန်နှင့် နယ်နိမိတ်ကိုဆွဲရန်ပြောပါသည်။ ဦးသိန်းလွင်မှ ရွာ၏ပုံသဏ္ဌာန်သည် ရွာတန်းရှည်ဖြစ်သည့်အတွက် အားလုံးပါဝင်ရေးဆွဲရန်ပြောပြီး ရွာ၏ပုံသဏ္ဌာန်နှင့် နယ်နိမိတ်ကို စတင်ရေးဆွဲပါသည်။ ဦးစန်းရွှေမှလည်း ရွာဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ သုသန်များကို စကေးကိုက်စနစ်တကျရေးဆွဲရန်ပြောပါသည်။ ထို့နောက် တက်ရောက်လာသူအခြားသော သူများကလည်း ရွာ၏လမ်း၊ အိမ်၊ ရေတွင်း၊ ချောင်းစသည်တို့ကိုစနစ်တကျ အဆင်ပြေပြေရေးဆွဲရန်ပြောပါသည်။

ဒီနေ့ဆွေးနွေးသွားသည့် အကြောင်းအရာများကို ပြန်ချုပ်ရလျှင် အားလုံးတက်တက်ကြွကြွနှင့် အချိန်ပေးဆွေးနွေးသည့်အတွက် ကျေးဇူးတင်ကြောင်း ကျေးရွာရာအိမ်မှူးဦးဝင်းကြိုင်မှ ပြောပါသည်။

| | |
|---|---|
| မှတ်တမ်းရေးသူ၏အမည် – မောင်မျိုးမင်းထွန်း | ခေါင်းဆောင်အမည် – ဦးဝင်းကြိုင် |
| လက်မှတ် – | လက်မှတ် – |

အစည်းအဝေးတက်ရောက်သူများစာရင်း

နေ့စွဲ ၆ - ၁၂ - ၂၀၁၉

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁ | ဦးဝင်းကြိုင် | |
| ၂ | ဦးသိန်းနိုင် | |
| ၃ | ဦးမျိုးမင်းထွန်း | |
| ၄ | ဦးသန်းထွေး | |
| ၅ | ဦးသန်းလွင် | |
| ၆ | ဦးမောင်ကြိုင် | |
| ၇ | ဦးကျော်အေး | |
| ၈ | ဦးနက်ကောက် | |
| ၉ | ဦးတင်ဝင်းမောင် | |
| ၁၀ | ဦးအောင်ကြီး | |
| ၁၁ | ဦးအုန်းရွှေ | |
| ၁၂ | ဦးဆွေဝင်း | |
| ၁၃ | ဦးမြင့်ဆွေ(၁) | |
| ၁၄ | ဦးစံရှိန် | |
| ၁၅ | ဦးတင်ဝင်း(၂) | |
| ၁၆ | ဦးမြင့်လှိုင် | |
| ၁၇ | ဦးကြည်(၂) | |
| ၁၈ | ဦးနီစပ် | |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ သဒိုးတုံးအုပ်စု ၊ ငါးမြောင်းကျေးရွာအ
ရာသီဥတုပြဇယား

ရက်စွဲ ၅ - ၁၂ - ၁၉

| | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု အခြေအနေ | | | | | | | | | | | | |
| စိုက်ပျိုးရေး | | | | | | | | | | | | |
| ကျန်းမာရေး | ဝမ်းလျှော | အအေး တုပ်ကွေး | အအေး တုပ်ကွေး | အအေး တုပ်ကွေး | အအေး တုပ်ကွေး | - | [illegible] | [illegible] | [illegible] | [illegible] | - | ဝမ်းလျှော |
| ပညာရေး | - | - | | | | | | | | | | - |
| ပွဲတော် | | - | - | ဝါဆိုသင်္ကန်း | | - | | ကထိန်သင်္ကန်း | - | - | - | - |
| ရွှေ့ပြောင်းလုပ်သား | | | - | - | - | - | | | | | | |
| တောင်သူ ဝင်ငွေ | - | - | - | - | - | - | - | - | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ | ၂၀၀,၀၀၀ | ၂၀၀,၀၀၀ |
| တောင်သူ ထွက်ငွေ | ၂၀၀၀၀၀ | ၂၀၀၀၀၀ | ၂၅၀၀၀၀ | ၂၇၀၀၀၀ | ၃၀၀၀၀၀ | ယ၀၀၀၀ | ၂၇၀၀၀၀ | ၂၆၀၀၀၀ | ၂၆၀၀၀၀ | ၂၇၀၀၀၀ | ၂၆၀၀၀၀ | ၂၂၀၀၀၀ |
| နေ့စား ဝင်ငွေ | ၃၀၀၀၀ | ၄၀၀၀၀ | ၆၀၀၀၀ | ၆၅၀၀၀ | ၆၅၀၀၀ | ၆၀၀၀၀ | ၆၀၀၀၀ | ၇၀၀၀၀ | ၆၀၀၀၀ | ၆၀၀၀၀ | ၇၀၀၀၀ | ၆၀၀၀၀ |
| နေ့စား ထွက်ငွေ | ၉၀၀၀၀ | ၉၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၃၀၀၀၀ | ၉၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ |
| ဝမ်းတစ်လုံးဖြည့် | | | | | | | | | | | | |
| ရေရရှိမှု | | | | | | | | | | | | |
| လမ်း | | | | | | | | | | | | |

**အညွှန်း**

- နေ အသင့်အတင့် ပူ
- နေ အလွန် ပူ
- မိုး အသင့်အတင့် ရွာ
- မိုး များ
- ဆောင်းရာသီ
- ထွန်
- ရိတ်သိမ်း
- စပါးအိတ်
- ပဲအိတ်
- သင်္ကြန်ပွဲ
- ဘုရားပွဲ
- မီးထွန်းပွဲ
- ကျောင်းသား
- ရေ
- လမ်းကောင်း
- လမ်းဆိုး

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ
၏
ရာသီခွင်ပြဇယား အစီရင်ခံစာ

နေ့စွဲ၊ ၆- ၁၂- ၁၉

မကွေးတိုင်းဒေသကြီး၊မြိုင်မြို့နယ်၊သီးတုန်းအုပ်စု၊ငါးမြောင်းကျေးရွာသည် တန်ခူးလတွင်ပူပြင်း ခြောက်သွေ့၍ သောက်သုံးရေရှားပါးခြင်းများ နှစ်စဉ်ကြုံတွေ့ရသည်သန့်ရှင်းသောသောက်သုံးရေမရရှိမှု၏နောက်ဆက်တွဲအကျိုးဆက် အနေဖြင့် ဝမ်းပျက်ဝမ်းလျှောခြင်းများကိုလည်းခံစားကြရသည်။တန်ခူးလတွင်လယ်ယာစိုက်ပျိုးရေးအနေဖြင့် လုပ်ငန်းခွင် အတွက် မိုးအမီထယ်ရေးပြင်ကြရသည်။ ဘာသာရေးပွဲတော်အနေဖြင့် တန်ခူးလတွင်နှစ်သစ်ကူးသင်္ကြန်ပွဲတော်ရှိသည်။ ပွင့်လင်းရာသီတွင် အဝေးသို့သွားရောက်လုပ်ကိုင်ကြသော လူငယ်လူရွယ်ရွှေ့ပြောင်းလုပ်သားများကြောင့် လုပ်သား ရှားပါးမှုလည်းကြုံကြရသည်။ တန်ခူးလတွင်သီးနှံမစိုက်ပျိုးရသေး၍ တောင်သူလယ်သမားများတွင် ဝင်ငွေ (ငွေလုံး ငွေရင်း)မပေါ်သေးပါ။ ကျေးရွာတွင်းရှိတောင်သူလယ်သမားများ၏ တန်ခူးလအတွက်အသုံးစားရိတ်ထွက်ငွေမှာခန့်မှန်း ပျမ်းမျှ (၂၀၀၀၀၀)ကျပ်ခန့်ရှိ၍ ဝင်ငွေနှင့်ထွက်ငွေ မမျှတပေ။ နေ့စားအလုပ်သမားများမှာလည်း ခန့်မှန်းပျမ်းမျှဝင်ငွေ (၃၀၀၀၀)ခန့်ရှိ၍ ထွက်ငွေအသုံးစားရိတ်မှာ(၉၀၀၀၀)ကျပ်ခန့်ဖြစ်သောကြောင့် တန်ခူးလတွင်ငါးမြောင်းကျေးရွာသည် ဝမ်းစာဖူလုံမှုနည်းပါးပါသည်။ ကဆုန်လတွင်လည်းပူပြင်းခြောက်သွေ့၍ မိုးအနည်းငယ်ရွာသော်ငြားလည်း သောက် သုံးရေမလုံလောက်ခြင်းများကြုံတွေ့ကြရသည်။ မိုးစတင်ကျလာသည့်အတွက်ခြင်ပေါက်ပွားမှုများကြောင့် ခြင်မှတဆင့် ကူးစက်သောသွေးလွန်တုပ်ကွေးရောဂါသည် ကလေးသူငယ်များတွင် စတင်ဖြစ်ပွားလာကြသည်။ မိုးဦးသီးနှံဖြစ်သော နှမ်းသီးနှံကို ကဆုန်လတွင် စတင်စိုက်ပျိုးကြသည်။ ဖားကန့်၊ ရွှေလီ၊ မိုးကုတ်၊ ရန်ကုန်၊ မန္တလေးမြို့များသို့ သွားရောက်လုပ်ကိုင်ကြသော ရွှေ့ပြောင်းလုပ်သားလူငယ်လူရွယ်များ ပြန်မရောက်သေး၍လုပ်သားရှားပါးမှုပြဿနာကို တောင်သူလယ်သမားများ ကြုံတွေ့ကြရသည်။သီးနှံမပေါ်သေး၍ ဤလတွင်လည်းတောင်သူများမှာ ဝင်ငွေမရှိသေးဘဲ အသုံးစားရိတ်ထွက်ငွေမှာ(၂၀၀၀၀၀)ကျပ်ခန့်ရှိ၍ ဝင်ငွေနှင့်ထွက်ငွေမမျှတပေ။ နေ့စားအလုပ်သမားများ၏ ဝင်ငွေမှာ (၄၀၀၀၀)ခန့်ရှိ၍ထွက်ငွေအသုံးစားရိတ်မှာ(၉၀၀၀၀)ခန့်ရှိသည်။ တောင်သူလယ်သမားရောနေ့စားအလုပ်သမားများပါ ဝမ်းစာဖူလုံမှုအသင့်အတင့်သာရှိသည်။

နယုန်လတွင်မိုးဦးကျလာသည်ဖြစ်၍ သောက်သုံးရေရှားပါးမှုပြဿနာသက်သာလာသော်လည်း ကျောင်းစဖွင့် ချိန်နှင့်အညီ ကလေးသူငယ်များမှာဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါကျောင်းသူကျောင်းသားအချင်းချင်းကူးစက်မှု များရှိလာ၍ ကဆုန်လနှင့်စာလျှင်ပိုမိုဖြစ်လာသည်။ သီးနှံမပေါ်သေး၍တောင်သူများဝင်ငွေမရှိ၊ထွက်ငွေမှာ နေ့စဉ်အသုံး စားရိတ်သာမက ကျောင်းသားစားရိတ်ပါတက်လာသောကြောင့် ခန့်မှန်း(၂၅၀၀၀၀)ခန့်ထွက်ငွေရှိပါသည်။ နေ့စား အလုပ်သမားများ၏ ဝင်ငွေမှာ(၆၀၀၀၀)ခန့်သာရှိ၍ ထွက်ငွေမှာ (၁၀၀၀၀၀)ထိ ကုန်ကျလာပါသည်။

ဝါဆိုလတွင် နှမ်းသီးနှံများရိတ်သိမ်း၍စပါးများလည်းစတင်ပျိုးကြကြသည်။ ရွှေ့ပြောင်းလုပ်သားများပြန်လည် ရောက်ရှိလာ၍လုပ်သားရှားပါးမှုနည်းပါးလာသည်။ မိုးရာသီဖြစ်၍ကလေးသူငယ်များတွင်ဖြစ်ပွားသော သွေးလွန်တုပ် ကွေးရောဂါသည် ပိုမိုဖြစ်လာသည့်အတွက် ကျန်းမာရေးအသုံးစားရိတ်တက်လာခြင်း၊ ကျောင်းဖွင့်ချိန်ဖြစ်သည့်အတွက် ကျောင်းသားစားရိတ်တက်လာခြင်းတို့ကြောင့် အသုံးစားရိတ်ထွက်ငွေမှာ(၂၇၀၀၀၀)ခန့်ထိ ပျမ်းမျှကုန်ကျလာကြသည်။ ဝမ်းစာဖူလုံမှုမှာလည်း အသင့်အတင့်သာရှိသည်။

Scanned by CamScanner

ဝါခေါင်လတွင် မိုးဖြိုင်ဖြိုင်ရွာသွန်းလာ၍သောက်ရေသုံးရေပေါများလာသော်လည်းခြင်မှတဆင့်ကူးစက်သော သွေးလွန်တုပ်ကွေးမှာပိုမိုဖြစ်ပွားပါသည်။ ဘာသာရေးပွဲအနေဖြင့် ငါးမြောင်းရွာတွင်ရွာဦးစေတီဘုရားပွဲကိုကျင်းပသည်။ ထို့အတွက်ကြောင့် ကျန်းမာရေးအသုံးစားရိတ်၊ ကျောင်းသားစားရိတ်၊ဘုရားပွဲတော်အတွက်ကုန်ကျစားရိတ်များကြောင့် ခန့်မှန်းထွက်ငွေမှာ ပျမ်းမျှ(၃၀၀၀၀၀)ခန့်ရှိသည်။

တော်သလင်းလတွင် ရာသီဥတုအနေဖြင့်အလွန်ပူပြင်း၊မိုးရွာသွန်းခြင်းများတပြိုင်နက်ကြုံကြရသည်။ သောက်သုံးရေရရှိမှုအနေဖြင့်ရှားပါးမှုမရှိပေ။ တော်သလင်းလတွင် တောင်သူလယ်သမားမိသားစု၏ခန့်မှန်းထွက်ငွေမှာ (၂၂၀၀၀၀)ခန့်ရှိသည်။ နေ့စားအလုပ်သမားများမှာ ဝင်ငွေ(၆၀၀၀၀)ခန့် ထွက်ငွေ(၉၀၀၀၀)ခန့်ရှိ၍ဝမ်းစာဖူလုံမှုအနေဖြင့် သင့်တင့်ရုံသာရှိသည်။

သီတင်းကျွတ်လတွင် ရာသီဥတုအနေဖြင့် မိုးနှောင်းရာသီဖြစ်၍ စပါးများရင့်မှည့်လာကြသည်။ မိုးကုန်စပြုလာပြီဖြစ်သဖြင့် ရွှေ့ပြောင်းလုပ်သားများလည်း အဝေးသို့သွားရောက်လုပ်ကိုင်ကြသည်။ ဘုရားပွဲအနေဖြင့် သီးတင်ကျွတ်မီးထွန်းပွဲသာရှိ၍ တန်ဆောင်မုန်းတွင်ကထိန်ပွဲများကျင်းပသည်။ သီတင်းကျွတ်လနှင့်တန်ဆောင်မုန်းလများတွင် ကားလမ်းဆက်သွယ်မှုမရသေး၍ မိုးဦးသီးနှံ၊ မိုးလယ်သီးနှံများကို ရောင်းချကြရခြင်းမရှိပေ။

နတ်တော်လတွင် တောင်သူဝင်ငွေမှာ ခန့်မှန်း(၁၀၀၀၀၀)သိန်းခန့်ရှိ၍ ထွက်ငွေ(၂၈၀၀၀၀)ခန့်ရှိသည်။ နေ့စားဝင်ငွေမှာ (၆၀၀၀၀)ခန့် ရှိ၍ ထွက်ငွေမှာ (၁၀၀၀၀၀)ခန့် ရှိသည်။ ပြာသိုလတွင်လည်း တောင်သူဝင်ငွေမှာ (၁၀၀၀၀၀)ခန့် တပို့တွဲလတွင် (၂၀၀၀၀၀)ခန့်၊ တပေါင်းလတွင် (၂၀၀၀၀၀)ခန့် ရှိပြီး တောင်သူ ထွက်ငွေမှာ ပြာသိုလ (၂၇၀၀၀၀)ခန့်၊ တပို့တွဲလ (၂၈၀၀၀၀)ခန့်၊ တပေါင်းလတွင် (၂၂၀၀၀၀)ခန့်ရှိသည်။ နေ့စားလုပ်သူများ၏ ထွက်ငွေမှာလည်း ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် ခန့်မှန်း (၁၀၀၀၀၀)ခန့်ရှိသည်။ သီတင်းကျွတ်လ မှ တပေါင်းလ အထိတွင် ထွက်ငွေများပြားလာခြင်းမှာ မင်္ဂလာပွဲ၊ အလှူပွဲ၊ သာရေးနာရေးပွဲများ များပြားလာ၍ ဖြစ်သည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ
၏
ရာသီခွင်ပြဇယားရေးဆွဲခြင်း နှင့် တင်ပြရန် အစည်းဝေးမှတ်တမ်း

နေရာ။ ။ ငါးမြောင်းကျေးရွာ၊မြိုင်မြို့နယ်၊သီးတုန်းအုပ်စု၊ မကွေးတိုင်းဒေသကြီးအစည်းဝေး
ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်။ ။ ရာသီခွင်ပြဇယားရေးဆွဲရန်နှင့်သုံးသပ်ရန်

| | |
|---|---|
| နေ့စွဲ ၆. ၁၂. ၁၉ | အစည်းဝေးစတင်ချိန် နံနက် ၈နာရီ |
| အစည်းဝေကျင်းပသည့်နေရာ– ထ(ခွဲ)ကျောင်း | ပြီးဆုံးချိန် ၁၂နာရီ |
| ပံ့ပိုးသူအမည်– မောင်မျိုးမင်းထွန်း | ကြာချိန် ၄နာရီ |

ကျေးရွာဖွံ့ဖြိုးရေးလုပ်ယ်မောင်မျိုးမင်းတွန်းမှ အစည်းဝေးတက်ရောက်သူများအားကြိုဆိုကာ ရာသီခွင်ပြဇယားရေးဆွဲခြင်း၏ရည်ရွယ်ချက်ကိုရှင်းလင်းပြောပြပါသည်။ ရာအိမ်မှူးဦးဝင်းကြိုင်မှ ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဖြစ်သည့်အတွက် အချိန်ပေးရမည်ဟုပြောပါသည်။

မောင်မျိုးမင်းထွန်းမှရပ်ရွာလူထုအား ရာသီခွင်ပြဇယားကိုရေးဆွဲရန်ပြောပါသည်။ဦးထွန်းဝေမှလည်း ရာသီခွင်ပြဇယားနှင့်အတူ ပူပြင်းသောတန်ခူးလ၊ကဆုန်လတို့၏အကြောင်းရာများကိုဆွေးနွေးခဲ့ကြပြီး ကျေးရွာလူထုမှလည်းကျန်လများ၏ အကြောင်းရာများကိုအားတက်သရော အသီးသီးဆွေးနွေးခဲ့ကြပါသည်။

ဒီနေ့ဆွေးနွေးသွားသည့်အကြောင်းရာများကို ပြန်ချုပ်ရလျှင် အားလုံးတက်တက်ကြွကြွနှင့် အချိန်ပေးဆွေးနွေးခဲ့ကြသည့် ကျေးရွာသူ၊ကျေးရွာသားများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း ကျေးရွာရာအိမ်မှူးဦးဝင်းကြိုင်မှ ပြောပါသည်။

| | |
|---|---|
| မှတ်တမ်းရေးသူအမည်–မောင်သိန်းနိုင် | ခေါင်းဆောင်အမည်– ဦးဝင်းကြိုင် |
| လက်မှတ်––––––––– | လက်မှတ်––––––––– |

Scanned by CamScanner

# အစည်းအဝေးတက်ရောက်သူများစာရင်း

နေ့စွဲ ၆ - ၁၂ - ၂၀၁၉


| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁ | ဦးဝင်းကြိုင် | |
| ၂ | ဦးသိန်းနိုင် | |
| ၃ | ဦးမျိုးမင်းထွန်း | |
| ၄ | ဦးသန်းထွေး | |
| ၅ | ဦးသန်းလွင် | |
| ၆ | ဦးမောင်ကြိုင် | |
| ၇ | ဦးကျော်အေး | |
| ၈ | ဦးနက်ကောက် | |
| ၉ | ဦးတင်ဝင်းမောင် | |
| ၁၀ | ဦးအောင်ကြီး | |
| ၁၁ | ဦးအုန်းရွှေ | |
| ၁၂ | ဦးဆွေဝင်း | |
| ၁၃ | ဦးမြင့်ဆွေ(၁) | |
| ၁၄ | ဦးစံချိန် | |
| ၁၅ | ဦးတင်ဝင်း(၂) | |
| ၁၆ | ဦးမြင့်လှိုင် | |
| ၁၇ | ဦးကြည်(၂) | |
| ၁၈ | ဦးနီစပ် | |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ်၊ သီးတွင်းအုပ်စု၊ ငါးမြောင်းကျေးရွာ၏

လမ်းမကောင်းသော ပြဿနာသစ်ပင်

ရက်စွဲ ၆. ၁၂. ၂၀၁၉



# မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ ၏ လမ်းမကောင်းခြင်းပြဿနာ အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာသည် မြိုင်မြို့နယ်၏ အနောက်မြောက်အစွန်အဖျားတွင် တည်ရှိပါသည်။ ငါးမြောင်းကျေးရွာ၏ တောင်ဘက်(၂)မိုင်ခန့်အကွာတွင် သီးတုန်းကျေးရွာ၊ အရှေ့တောင်ဘက်(၃)မိုင်ခန့်အကွာတွင်ပျဉ်းဝင်းကျေးရွာ၊ အနောက်တောင်ဘက်(၂)မိုင်ခန့် အကွာတွင်ငါးဝင်းကျေးရွာ၊ မြောက်ဘက်(၁)မိုင်ခန့်အကွာတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ ပေပင်ကျေးရွာ တည်ရှိသည်။ ကျွန်တော်တို့ငါးမြောင်းကျေးရွာသည် မိုးရာသီတွင် အနီးပတ်ဝန်းကျင်ကျေးရွာ များနှင့်သော်လည်းကောင်း အနီးဆုံး(၁၀)မိုင်ခန့်တွင်ရှိသော ဗဟင်းတိုက်နယ်ဆေးရုံများနှင့်သော်လည်းကောင်း ကူးလူးဆက်ဆံရန်အလွန်ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာ၏လမ်းမကောင်းရခြင်းမှာ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုအားနည်းခြင်း၊မြေသားလမ်းဖြစ်သည့်အတွက် မြေခံမကောင်းခြင်း၊ မိုးရာသီတွင်ပိုမို၍ သွားလာမှု ခက်ခဲခြင်း၊ အသိပညာဗဟုသုတနည်းပါးသည့်အတွက် လမ်း၏အားသာချက်များကို ဝေဖန်ပိုင်းခြားနိုင်မှု မရှိခြင်း၊ စီးပွားရေးအဆင်မပြေမှုကြောင့် လမ်းပြုပြင်ရန်မတတ်နိုင်ခြင်း၊ ရပ်ရွာလူထုပြုပြင်မှုအားနည်းခြင်း များကြောင့်ဖြစ်သည်။ ကျွန်တော်တို့ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် စီးပွားရေးဖွံ့ဖြိုးမှု အားနည်းခြင်း၊ ကုန်စည်စီးဆင်းရာတွင် ကုန်ကျစရိတ်များပြား၍ကုန်ဈေးနှုန်းမြင့်တက်ခြင်း၊ ကျေးရွာ ထွက်ကုန်သီးနှံများရောင်းချရာတွင် ဈေးကုန်မရခြင်းများကြုံတွေ့ကြရသည်။ ကျွန်တော်တို့ကျေးရွာတွင် ကျန်းမာရေး ဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးအရေးပေါ်ဖြစ်ပေါ်လာပါက (၁၀)မိုင်ခန့်အကွာရှိ ဗဟင်းတိုက်နယ်ဆေးရုံ၊ (၂၈)မိုင်ခန့်အကွာရှိ မြိုင်မြို့နယ်ဆေးရုံ၊ (၅၅)မိုင်ခန့်အကွာရှိပခုက္ကူမြို့ခရိုင်ဆေးရုံ၊ (၂၄)မိုင်အကွာရှိ စစ်ကိုင်းတိုင်ဒေသကြီး၊ ပုလဲမြို့၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ (၅၂)မိုင်ခန့်အကွာရှိ မုံရွာဆေးရုံများသို့ သွားရောက်ကုသ ကြရပါသည်။ လမ်းမကောင်းခြင်းကြောင့် ဆေးရုံ၊ဆေးခန်းအချိန်မှီမရောက်ရှိသည့်အတွက် အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးနေကြရသည်။ အထက်တန်းကျောင်းခွဲမရခင်အချိန်က အခြားကျေးရွာများသို့သွားရောက်ပညာသင်ကြားကြရပြီး သွားလာရေးခက်ခဲမှုကြောင့် ကျောင်းသားတိုင်း ပညာသင်ကြားခွင့်မရကြသည့်အတွက် ပညာတတ်ဦးရေနည်းပါး လာခဲ့ကာ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အစစအရာရာ နိမ့်ကျလာခဲ့သည်။ လူမှုပေါင်းသင်းဆက်ဆံရေးတွင် လည်း အဆင်မပြေခြင်းများကိုလည်းကြုံတွေ့ကြရသည်။ ဘာသာရေးတွင်လည်း နိုင်ငံကျော်ဓမ္မကထိကများပင့်ဖိတ်၍ တရားပွဲများကျင်းပရန်ခက်ခဲခြင်းများကြောင့် ဘာသာတရားရှိသေကိုင်းရှိုင်းမှုအားနည်းလာသည်။

Scanned by CamScanner

စည်းအဝေးမှတ်တမ်း

နေရာ။ ။ ငါးမြောင်းကျေးရွာ၊ သီးတုန်းအုပ်စု၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး
စည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်။ ။ လမ်းမကောင်းခြင်းပြဿနာ ဆွေးနွေးရန်

နေ့စွဲ ၆. ၁၂. ၁၉ — အစည်းအဝေးစတင်ချိန် နေ့လယ် ၁နာရီ
နေရာ ထ(ခွဲ)ကျောင်း — ပြီးဆုံးချိန် နေ့လယ် ၃နာရီ
ပွဲပိုးသူအမည် မောင်သိန်းနိုင် — ကြာချိန် ၂နာရီ

ကျေးရွာဖွံ့ဖြိုးရေးလူငယ် မောင်သိန်းနိုင်မှအစည်းအဝေးတက်ရောက်သူများအားကြိုဆိုကာ လမ်းမကောင်းခြင်းပြဿနာနှင့် ပတ်သက်၍ဆွေးနွေးရန်နှင့် ရည်ရွယ်ချက်များကိုရှင်းပြပါသည်။ ကျေးရွာရာအိမ်မှူးဦးဝင်းကြိုင်မှ ရပ်ရွာလူထုပြုပြင်မှုအားနည်းကြောင်း၊ ဦးခင်မောင်ထွန်းမှမြေခံမကောင်း၍လမ်းပျက်ရကြောင်း၊ ဦးဆန်းညွန့်မှ နိုင်ငံတော်မှ ပံ့ပိုးမှုအားနည်း၍ လမ်းမကောင်းခြင်းဖြစ်ကြောင်း၊ ဒေါ်ခင်သန်းဝင်းမှ လမ်းမကောင်းလျှင် ပညာရေး၊ ကျန်းမာရေးများနိမ့်ကျကြောင်း၊ ဒေါ်စန်းမြင့်မှလည်း ကုန်းဈေးနှုန်းများကြီးမြင့်မှုကိုခံကြရကြောင်း ဆွေးနွေးကြပါသည်။

ကျေးရွာရာအိမ်မှူးဦးဝင်းကြိုင်မှ အစည်းအဝေးတက်ရောက်လာသူများအားလုံးကိုအထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြား၍ အစည်းအဝေးကိုရုတ်သိမ်းခဲ့သည်။

မှတ်တမ်းရေးသူအမည် မောင်မျိုးမင်းထွန်း — ခေါင်းဆောင်အမည် ဦးဝင်းကြိုင်
လက်မှတ် — လက်မှတ်

Scanned by CamScanner

အစည်းအဝေးတက်ရောက်သူများစာရင်း

နေ့စွဲ ၆ - ၁၂ - ၂၀၁၉

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁ | ဦးဝင်းကြိုင် | |
| ၂ | ဦးသိန်းနိုင် | |
| ၃ | ဦးမိုးမင်းထွန်း | |
| ၄ | ဦးသန်းထွေး | |
| ၅ | ဦးသန်းလွင် | |
| ၆ | ဦးမောင်ကြိုင် | |
| ၇ | ဦးကျော်အေး | |
| ၈ | ဦးနက်ကောက် | |
| ၉ | ဦးတင်ဝင်းမောင် | |
| ၁၀ | ဦးအောင်ကြီး | |
| ၁၁ | ဦးအုန်းရွှေ | |
| ၁၂ | ဦးဆွေဝင်း | |
| ၁၃ | ဦးမြင့်ဆွေ(၁) | |
| ၁၄ | ဦးစံချိန် | |
| ၁၅ | ဦးတင်ဝင်း(၂) | |
| ၁၆ | ဦးမြင့်လှိုင် | |
| ၁၇ | ဦးကြည်(၂) | |
| ၁၈ | ဦးနီစပ် | |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ဘိုးတွန်းဒုပ္ပ၊ ငါးကြောင်းကျေးရွာ

မှ

လမ်းမကောင်းခြင်း ပြဿနာ သစ်ပင်

ဖြေရှင်းမှု စက်ကွင်း


ရက်စွဲ ၆ - ၁၂ - ၁၉

ရှိနိုင်သော ပံ့ပိုးမှု

NGO

ငွေကြေး

- စက်ယန္တရား
- နည်းပညာ




Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ
၏
လမ်းမကောင်းခြင်းပြဿနာ ဖြေရှင်းမှုစက်ကွင်း အစီရင်ခံစာ

နေ့စွဲ ၆ ၁၂. ၁၉

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာသည် မြိုင်မြို့နယ် အနောက်မြောက်အစွန်အဖျား စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်နှင့်ထိစပ်လျက်ရှိသည်။ ပခုက္ကူမြို့နှင့် (၅၅)မိုင်ခန့် ကွာဝေး၍ စစ်ကိုင်းတိုင်းဒေသကြီးမုံရွာမြို့နှင့်(၅၂)မိုင်၊ ပုလဲမြို့နှင့်(၂၄)မိုင်၊မြိုင်မြို့နှင့်(၂၈)မိုင်ခန့်ကွာဝေး၍ သွားရေး လာရေးခက်ခဲလှပါသည်။ ကျွန်တော်တို့ကျေးရွာအနေဖြင့် ပခုက္ကူ၊ မြိုင်၊ ပုလဲ၊ မုံရွာမြို့များသို့ ရာသီအချိန်မရွေး သွားလာနိုင်သောကျောက်ချောလမ်းအဆင့်လိုအပ်နေပါသည်။ ယခုလက်ရှိမြေသားလမ်းမှာမြေခံမကောင်းခြင်း၊ မိုးရာသီ ဆိုလျှင် သွားလာ၍မရခြင်းများကြုံတွေ့နေရသဖြင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ ကျန်းမာရေးအရေးပေါ်ဖြစ်ပေါ် လာပါကလည်း အသက်အန္တရာယ်များဆုံးရှုံးရခြင်း၊ ပညာရေးအနေဖြင့်သွားလာခက်ခဲမှုကြောင့် အလယ်တန်း ပညာဖြင့်သာ ပြီးဆုံးနေရသဖြင့်ပညာတတ်နည်းပါးခြင်းတို့ကြုံတွေ့ကြရသည်။ ကျောက်ချောလမ်းအဆင့်သို့ တိုးမြှင့်နိုင်လျှင်ဆေးရုံဆေးခန်းများသို့ အချိန်မီသွားရောက်နိုင်၍အသက်အန္တရာယ်ဆုံးရှုံးမှုနည်းပါးလာနိုင်ခြင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း အလယ်တန်းပညာပြီးဆုံးသော် အထက်တန်းပညာသို့လက်လှမ်း မှီနိုင်၍ ပညာတတ်ဦးရေများပြားလာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကိုရရှိနိုင်ကြမည်ဖြစ်သည်။ နိုင်ငံတော် အတွက်လည်း လူသားအရင်းအမြစ်ဆုံးရှုံးခြင်းများသက်သာလာနိုင်သည်။ ကျောက်ချောလမ်းခင်းသည့်အခါ နိုင်ငံတော်မှ လုံလောက်သောငွေကြေး၊စက်ယန္တရားနည်းပညာများ ပံ့ပိုးမှုလိုအပ်၍ ဒေသခံပြည်သူများမှလည်း လူအင်အားအနေဖြင့်ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုလျှင် ယခုကဲ့သို့အခက်အခဲဒုက္ခများမှသက်သာလာ နိုင်ကာ နိုင်ငံတော်အတွက်ရော၊ ဒေသခံများအတွက်ပါ အခွင့်အလမ်းများစွာပိုမိုရရှိနိုင်မည်ဟုယုံကြည်ပါသည်။

Scanned by CamScanner

အစည်းအဝေးမှတ်တမ်း

နေရာ။ ။ ငါးမြောင်းကျေးရွာ၊ သီးတုန်းအုပ်စု၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး

အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်။ ။ လမ်းမကောင်းခြင်းပြဿနာ ဖြေရှင်းမှု စက်ကွင်းဆွေးနွေးရန်

နေ့စွဲ ၆. ၁၂. ၂၀၁၉ အစည်းအဝေးစတင်ချိန် နေ့လယ် ၁း၃၀နာရီ

အစည်းအဝေးကျင်းပသည့်နေရာ ထ(ခွဲ)ကျောင်း ပြီးဆုံးချိန် နေ့လယ် ၂း၃၀နာရီ

ပံ့ပိုးသူ၏အမည် မောင်မျိုးမင်းထွန်း ကြာချိန် ၁နာရီ

ကျေးရွာဖွံ့ဖြိုးရေးလူငယ်မောင်မျိုးမင်းထွန်းမှ အစည်းအဝေးတက်ရောက်သူများအားကြိုဆိုကာ လမ်းမကောင်းခြင်း ပြဿနာဖြေရှင်းမှုစက်ကွင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောပြပါသည်။ ကျေးရွာရာအိမ်မှူးဦးဝင်းကြိုင်မှ ကျေးရွာဖွံ့ဖြိုးရေးဖြစ်သည့်အတွက် အချိန်ပေးရန်လိုအပ်ကြောင်းပြောပါသည်။ ဦးအောင်ကြီးမှလည်းနိုင်ငံတော်၏ပံ့ပိုးမှု လိုအပ်ကြောင်း၊ ဦးကျော်ဆွေမှ ကျေးရွာလူထု ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း၊ ဦးသန်းနိုင်မှလည်း စက်ယန္တရားနှင့် လုံလောက်သော ငွေကြေးများကို နိုင်ငံတော်မှ ပံ့ပိုးပေးရန်လိုအပ်ကြောင်း အခြားသူများမှလည်း ကျရာတာဝန်များကို ထမ်းဆောင်ကြမည့်အကြောင်း ဆွေးနွေးကြပါသည်။ ဦးဝင်းကြိုင်မှ အစည်းအဝေးတက်ရောက်သူများကို ကျေးဇူးတင်ကြောင်းပြောပါသည်။

မှတ်တမ်းရေးသူ မောင်သိန်းနိုင် ခေါင်းဆောင်အမည် ဦးဝင်းကြိုင်

လက်မှတ် လက်မှတ်

Scanned by CamScanner

# အစည်းအဝေးတက်ရောက်သူများစာရင်း


နေ့စွဲ ၆ - ၁၂ - ၂၀၁၉

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁ | ဦးဝင်းကြိုင် | |
| ၂ | ဦးသိန်းနိုင် | |
| ၃ | ဦးမျိုးမင်းထွန်း | |
| ၄ | ဦးသန်းထွေး | |
| ၅ | ဦးသန်းလွင် | |
| ၆ | ဦးမောင်ကြိုင် | |
| ၇ | ဦးကျော်အေး | |
| ၈ | ဦးနက်ကောက် | |
| ၉ | ဦးတင်ဝင်းမောင် | |
| ၁၀ | ဦးအောင်ကြီး | |
| ၁၁ | ဦးအုန်းရွှေ | |
| ၁၂ | ဦးဆွေဝင်း | |
| ၁၃ | ဦးမြင့်ဆွေ(၁) | |
| ၁၄ | ဦးစံချိန် | |
| ၁၅ | ဦးတင်ဝင်း(၂) | |
| ၁၆ | ဦးမြင့်လှိုင် | |
| ၁၇ | ဦးကြည်(၂) | |
| ၁၈ | ဦးနိုစပ် | |

Scanned by CamScanner

ကွေးတိုင်းဒေသကြီး ၊ ဖြိုးမြင့်နယ် ၊ သီးခွန်းဒုည်ရှု ငါးမြောင်းကျေးရွာ၏
အထက်တန်းကျောင်း မရှိသေးသော ပြဿနာ သစ်ပင်

ရက်စွဲ ၆.၁၂.၁၉





Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ
## ၏
## ထ–ခွဲ မှ အထက်တန်းအဆင့်တိုးမြှင့်လိုခြင်း အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာသည် မြိုင်မြို့နယ်၏ အနောက်အမြောက်အစွန်အဖျားတွင်တည်ရှိသောကျေးရွာတစ်ရွာဖြစ်သည်။ ငါးမြောင်းကျေးရွာတွင်ပညာရေးဌာနအနေဖြင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တစ်ကျောင်းသာရှိ၍ အနီးဆုံးအထက်တန်းကျောင်းနှင့်(၁၂)မိုင်ခန့်ကွာဝေးပါသည်။ ထို့အတွက်ကြောင့် အထက်တန်းပညာရေးကိုဆုံးခန်းတိုင်အောင်သင်ကြားရမှုနည်းပါးလာ၍ ပညာတတ်ဦးရေလည်း ပိုမိုနည်းပါးလာခဲ့သည်။ မူလတန်းကျောင်း စတင်ဖွင့်လှစ်စဥ် (၁၉၈၁)ခုနှစ်မှစ၍ ယခုအချိန်ထိ နှစ်ပေါင်းလေးဆယ်နီးပါးအတွင်း တက္ကသိုလ်ဝင်တန်းအောင်မြင်သူ (၆၂)ဦးသာရှိခြင်းမှာ ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားခွင့်မရရှိခြင်းများ၏ အကျိုးဆက်ဖြစ်ပါသည်။ ယခုအချိန်ထိ (ထ)ခွဲကျောင်းသာရှိသေး၍ အထက်တန်းပြဆရာ၊ဆရာမဦးရေမှာလည်း (၃)ဦးသာရှိပြီး ဆရာ၊ဆရာမ ငှါးရမ်းသင်ကြားရသည့်အတွက် မိဘများအနေဖြင့် ပညာရေးကုန်ကျစရိတ်လည်း ပိုမိုကုန်ကျပါသည်။ ထ(ခွဲ)မှအထက်တန်းကျောင်းသို့တိုးမြှင့်ရရှိခဲ့လျှင် ပညာတတ်ဦးရေလည်းပိုမိုများပြားမည်။ ကုန်ကျစရိတ်လည်း ပိုမိုသက်သာလာမည်။ ကျောင်းသူကျောင်းသားများကိုလည်း မိဘများအနေဖြင့် ရင်အုပ်မကွာ ပိုမိုစောင့်ရှောက်နိုင်လာကြမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် မိဘများအတွက်ရော ကျောင်းသားကျောင်းသူများအတွက်ရော သာမက နိုင်ငံတော်အတွက်ပါ ပိုမိုအကျိုးရှိလာမည်ဖြစ်ပါသည်။

Scanned by CamScanner



အခြေခံပညာ အထက်တန်း
ကျောင်း
တိုးမြှင့် ဖွင့်ခြင်း
အထက်တန်းကျောင်း
မရှိသေးသော
ပြဿနာ
- ပညာရေး ထိခိုက်ခြင်း
- စီးပွားရေး ထိခိုက်ခြင်း
- ကျန်းမာရေး ထိခိုက်ခြင်း
- လူမှုရေး ထိခိုက်ခြင်း

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ

၏

အထက်တန်းကျောင်း မရရှိသေးသော ပြဿနာဖြေရှင်းမှု စက်ကွင်း

နေ့စွဲ ၆ - ၁၂ - ၁၉

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာသည် အခြေခံပညာအထက်တန်းကျောင်းခွဲ တစ်ကျောင်းရှိ၍ အနီးဆုံးဖြစ်သော ဗဟင်းအခြေခံပညာအထက်တန်းကျောင်းနှင့် (၁၂)မိုင်ခန့်ကွာဝေးပါသည်။ ပညာရေးဝန်ထမ်းလည်း လုံလောက်မှုမရှိသောကြောင့် ကျောင်းသားကျောင်းသူများ ပညာသင်ကြားဖို့ရန်အတွက် ဆရာ၊ဆရာမများကို ရပ်ရွာမှငှါးရမ်းပြီး သင်ကြားကြရသောကြောင့် ပညာရေးအသုံးစားရိတ် ပိုမိုကုန်ကျကာ ကျောင်းသားကျောင်းသူအားလုံး သင်ယူနိုင်မှု နည်းပါးနေပါသည်။ အကျိုးဆက်အနေဖြင့် ပညာတတ်ဦးရေနည်းပါးပြီး နောက်ဆက်တွဲ ကျန်းမာရေး၊စီးပွားရေး၊လူမှုရေးများပါ ထိခိုက်လာကြရသည်။ အထက်တန်းကျောင်းခွဲမှ အထက်တန်းအဆင့်တိုးမြှင့်ရရှိခဲ့လျှင် ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊လူမှုရေး ပိုမိုအကျိုးရှိလာမည်ဖြစ်သည်။

အထက်တန်းတိုးမြှင့်ရရှိနိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် ခွင့်ပြုပေးနိုင်ရန်နှင့်ငွေကြေး၊အဆောက်အဦး ပံ့ပိုးပေးပြီး ရပ်ရွာလူထုမှလည်း အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ကြလျှင် ကျောင်းသားလူငယ်များ မိဘများသာမက နိုင်ငံတော်အတွက်ပါ ပိုမိုအကျိုးရှိမည်ဟု ယုံကြည်ပါသည်။ ပညာတတ်ဦးရေလည်း ပိုမိုများပြားလာကာ နိုင်ငံတော်အတွက် အထောက်အကူ ပိုမိုရရှိနိုင်မည်ဖြစ်သည်။

ထို့အတွက်ကြောင့် အထက်တန်းကျောင်းမြေနေရာရရှိရန် ရပ်ရွာလူထုမှကြိုးစားပြီး ခွင့်ပြုမိန့်နှင့် ငွေကြေး၊အဆောက်အဦးများကို နိုင်ငံတော်မှ ပံ့ပိုးနိုင်လျှင် အထက်တန်းကျောင်းအဆင့်သို့ အလျင်မြန်ဆုံးရရှိနိုင်မည်ဖြစ်သည်။

Scanned by CamScanner

အစည်းအဝေးမှတ်တမ်း

နေရာ ငါးမြောင်းကျေးရွာ၊ သီးတုန်းအုပ်စု၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး

အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက် ထ (ခွဲ)မှ အထက်တန်းအဆင့်တိုးမြှင့်လိုခြင်းအတွက် ဆွေးနွေးရန်

နေ့စွဲ ၆.၁၂.၁၉ အစည်းအဝေးစတင်ချိန် နေ့လယ် ၂နာရီ

နေရာ ထ(ခွဲ)ကျောင်း ပြီးဆုံးချိန် နေ့လယ် ၃နာရီ

ပံ့ပိုးသူအမည် မောင်မျိုးမင်းထွန်း ကြာချိန် ၁နာရီ

ကျေးရွာဖွံ့ဖြိုးရေးလူငယ် မောင်မျိုးမင်းထွန်းမှ အစည်းအဝေးတက်ရောက်သူများအားကြိုဆိုကာ ထ(ခွဲ)မှ အထက်တန်းအဆင့်သို့တိုးမြှင့်ရန်အတွက်နှင့် ပတ်သက်၍ဆွေးနွေးရန်ဖြစ်ကြောင်း ရှင်းပြပါသည်။ ကျေးရွာရာအိမ်မှူး ဦးဝင်းကြိုင်မှလည်း အထက်တန်းအဆင့်တိုးမြှင့်ရရှိလာသည့်အခါ ရရှိလာသည့်အကျိုးကျေးဇူးများကို ကျေးရွာလူထုအားရှင်းပြပါသည်။ ကျေးရွာလူထုမှလည်း အားတက်သရောပါဝင်ဆွေးနွေးကြပါသည်။ ကျေးရွာ၏နာယကများဖြစ်သော ဦးစံချိန်၊ ဦးသန်းထွေးတို့မှလည်း ကျေးရွာလူထုပိုမိုလက်ခံလာအောင် သေချာစွာရှင်းပြဆွေးနွေးပေးပါသည်။ ကျောင်းတော်မတီဥက္ကဌဦးကျော်အေးမှလည်း အထက်တန်းအဆင့်တိုးမြှင့်ရရှိဖို့ရန် အားလုံးတက်ညီလက်ညီ ကြိုးစားကြဖို့ရန် တိုက်တွန်းဆွေးနွေးပါသည်။

ကျေးရွာရာအိမ်မှူးဦးဝင်းကြိုင်မှ အစည်းအဝေးတက်ရောက်သူများကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောပါသည်။

မှတ်တမ်းရေးသူအမည် မောင်မျိုးမင်းထွန်း ခေါင်းဆောင်အမည် ဦးဝင်းကြိုင်

လက်မှတ် လက်မှတ်

Scanned by CamScanner

အစည်းအဝေးတက်ရောက်သူများစာရင်း


နေ့စွဲ ၆ - ၁၂ - ၂၀၁၉

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁ | ဦးဝင်းကြိုင် | |
| ၂ | ဦးသိန်းနိုင် | |
| ၃ | ဦးမျိုးမင်းထွန်း | |
| ၄ | ဦးသန်းထွေး | |
| ၅ | ဦးသန်းလွင် | |
| ၆ | ဦးမောင်ကြိုင် | |
| ၇ | ဦးကျော်အေး | |
| ၈ | ဦးနက်ကောက် | |
| ၉ | ဦးတင်ဝင်းမောင် | |
| ၁၀ | ဦးအောင်ကြီး | |
| ၁၁ | ဦးအုန်းရွှေ | |
| ၁၂ | ဦးဆွေဝင်း | |
| ၁၃ | ဦးမြင့်ဆွေ(၁) | |
| ၁၄ | ဦးစံချိန် | |
| ၁၅ | ဦးတင်ဝင်း(၂) | |
| ၁၆ | ဦးမြင့်လှိုင် | |
| ၁၇ | ဦးကြည်(၂) | |
| ၁၈ | ဦးနီစပ် | |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ သီးတုံးရွာစု ၊ ငါးဖြောင်းကျေးရွာ ၏

ဝန်းကျင်ရှိ ရွာ နှင့် ခရီးလမ်း ပြမြေပုံ    ရက်စွဲ-၆-၁၂-၂၀၁၉



## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ
## ၏
## ဝန်ဆောင်မှု နှင့် အခွင့်အလမ်းပြမြေပုံ အစီရင်ခံစာ

နေ့စွဲ ၆. ၁၂. ၁၉

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာသည် မြိုင်မြို့နယ် အနောက်မြောက် အစွန်အဖျားတွင်ရှိ၍ အရှေ့တောင်ဘက်တွင် ပျဉ်းဝင်းကျေးရွာသို့ (၃)မိုင်ခန့်ကွာဝေးပြီး လူသွားလမ်းသာရှိသည်။ ငါးမြောင်းကျေးရွာနှင့် ပျဉ်းဝင်းရွာအကြား ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအတွက် သွားလာဖို့ခက်ခဲသည်။ အနောက်တောင်ဘက်(၂)မိုင်အကွာတွင် ငါးဝင်းကျေးရွာတည်ရှိ၍ လူသွားလမ်းသာရှိသည်။ ငါးဝင်းရွာနှင့်လည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများအတွက် သွားလာရေးခက်ခဲသည်။ တောင်ဘက်(၂)မိုင်အကွာတွင် သီးတုန်းရွာရှိ၍ အများအားဖြင့် ခြေလျင်သာသွားကြရသည်။ နွေရာသီ လမ်းကောင်းမှသာလျှင် ဆိုင်ကယ်၊ကားများဖြင့်သွားလာနိုင်သည်။ ကျန်းမာရေးအတွက် ဗဟင်းရွာသို့ သွားလျှင်လည်း မိုးရာသီတွင် အဆင်မပြေဘဲ နွေရာသီမှသာ ဆိုင်ကယ်၊ကားများဖြင့် သွားလာနိုင်သည်။ (၂၇)မိုင်၊(၂၈)မိုင်ခန့်ကွာဝေးသော မြိုင်မြို့၊ (၅၅)မိုင်ခန့်ကွာဝေးသော ပခုက္ကူမြို့များသို့ နွေရာသီမှသာ ကျန်းမာရေးအတွက်သော်လည်းကောင်း၊ ပညာရေးအတွက်သော်လည်းကောင်း၊ သီးနှံရောင်းချဖို့အတွက်သော်လည်းကောင်း၊ လိုအပ်သောစားသောက်ကုန်များဝယ်ယူကြသောအခါများ၌လည်းကောင်း အဆင်ပြေနိုင်၍ မိုးရာသီတွင် သွားလာ၍မရပေ။ မြောက်ဘက်(၁)မိုင်အကွာတွင် ပုလဲမြို့နယ်၊ ပေပင်ရွာရှိ၍ ၁.၅မိုင်ခန့်အကွာတွင် ထန်းကင်းကြီးကျေးရွာ၊ (၂)မိုင်ခန့်အကွာတွင် လယ်ဓမ္မကျေးရွာများတည်ရှိပြီး မိုးရာသီတွင် ကျန်းမာရေးအတွက်သော်လည်းကောင်း ပညာရေး၊ လူမှုရေးအတွက်သော်လည်းကောင်း၊ သွားလာရေးခက်ခဲလှပေသည်။ နွေရာသီရောက်မှသာ (၁)မိုင်ခန့်အကွာရှိ ပေပင်၊ (၂)မိုင်ခန့်အကွာရှိ လယ်ဓမ္မရွာများတဆင့် (၁၀)မိုင်ခန့်အကွာရှိ ကန့်ဒေါင့်ရွာ၊ (၁၆)မိုင်ခန့် အကွာရှိ မင်းတိုင်ပင်ရွာ၊ (၂၄)မိုင်အကွာရှိ ပုလဲမြို့၊ (၅၂)မိုင်အကွာရှိ မုံရွာမြို့များသို့ ဆိုင်ကယ်၊ ကားများဖြင့် သွားလာနိုင်သည်။ ကန့်ဒေါင့်၊ မင်းတိုင်ပင်၊ ပုလဲမြို့၊ မုံရွာမြို့များသို့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ရရှိသောသီးနှံများရောင်းချခြင်း၊ စားသောက်ကုန်များဝယ်ယူခြင်း စသည်ဖြင့်သွားလာကြသည်။

Scanned by CamScanner

## အစည်းအဝေးမှတ်တမ်း

နေရာ ငါးခြောင်းရွာ၊ သီးတုန်းဆုပ်စု၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး၊
အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက် ဝန်ဆောင်မှုနှင့် အခွင့်အလမ်းပြမြေပုံ

| | | | |
|---|---|---|---|
| နေ့စွဲ | ၆. ၁၂. ၁၉ | အစည်းအဝေးစတင်ချိန် | နံနက် ၉နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ | ထ(ခွဲ)ကျောင်း | ပြီးဆုံးချိန် | နံနက် ၁၀း၃၀နာရီ |
| ငှပိုးသူ၏အမည် | မောင်သိန်းနိုင် | ကြာချိန် | ၁း၃၀နာရီ |

ကျေးရွာဖွံ့ဖြိုးရေးလူငယ် မောင်သိန်းနိုင်မှ အစည်းအဝေးတက်ရောက်လာသူများအား ကြိုဆိုကာ အစည်းအဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းပြပါသည်။ ဦးမောင်မှူးကြီးမှ သီးတုန်းနှင့်(၂)မိုင်ကွာဝေးကြောင်း၊ ဦးရဲရွှေမှ ပေပင်နှင့်(၁)မိုင်ကွာဝေးကြောင်း ဦးကျော်ငွေမှ ပျဉ်းဝင်းနှင့်(၃)မိုင်ကွာဝေးကြောင်းနှင့် အခြားသူများမှလည်း အသီးသီးတက်တက်ကြွကြွဆွေးနွေးကြသည်။

ရာအိမ်မှူးဦးဝင်းကြိုင်မှ အစည်းအဝေးတက်ရောက်လာသူများကို ကျေးဇူးအထူးတင်ရှိကြောင်းပြောပါသည်။

| | | | |
|---|---|---|---|
| မှတ်တမ်းရေးသူအမည် | မောင်မျိုးမင်းထွန်း | ခေါင်းဆောင်အမည် | ဦးဝင်းကြိုင် |
| လက်မှတ် | | လက်မှတ် | |


Scanned by CamScanner

အစည်းအဝေးတက်ရောက်သူများစာရင်း

နေ့စွဲ ၆ - ၁၂ - ၂၀၁၉

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁ | ဦးဝင်းကြိုင် | |
| ၂ | ဦးသိန်းနိုင် | |
| ၃ | ဦးမျိုးမင်းထွန်း | |
| ၄ | ဦးသန်းထွေး | |
| ၅ | ဦးသန်းလွင် | |
| ၆ | ဦးမောင်ကြိုင် | |
| ၇ | ဦးကျော်အေး | |
| ၈ | ဦးနက်ကောက် | |
| ၉ | ဦးတင်ဝင်းမောင် | |
| ၁၀ | ဦးအောင်ကြီး | |
| ၁၁ | ဦးအုန်းရွှေ | |
| ၁၂ | ဦးဆွေဝင်း | |
| ၁၃ | ဦးမြင့်ဆွေ(၁) | |
| ၁၄ | ဦးစံချိန် | |
| ၁၅ | ဦးတင်ဝင်း(၂) | |
| ၁၆ | ဦးမြင့်လှိုင် | |
| ၁၇ | ဦးကြည်(၂) | |
| ၁၈ | ဦးနီစပ် | |

Scanned by CamScanner


ရက်စွဲ-6-12-2019
အညွှန်း
ကတ္တရာလမ်း
ကျောက်ချောလမ်း
-သုသာန်
သုသာန်

# မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ
# ၏
# အနာဂတ်မျှော်မှန်းချက်မြေပုံ အစီရင်ခံစာ

နေ့စွဲ ၆- ၁၂- ၁၉

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ၏ အနာဂတ်မျှော်မှန်းချက်မှာ၏ ကျေးရွာကိုစနစ်တကျနှစ်အိမ်ကျော်(၁)လမ်း၊ ရွာလယ်လမ်းမကြီးကိုကတ္တရာလမ်းအဆင့်သို့တိုးမြှင့်၍ ဘုန်းကြီးကျောင်း၏တောင်ဘက်တွင်အားကစားကွင်း၊ ကျေးရွာ၏အနောက်မြောက်ဘက်တွင်စက်ရေတွင်းတူး၍ ကျေးရွာကိုရေပေးဝေပြီး၊ လမ်းသွယ်များကိုလည်း ကျောက်ချောလမ်းအဆင့်သို့ တိုးမြှင့်ဖို့ရာရည်မှန်းထားသည်။ ကျေးရွာ၏ အခြေခံပညာ အလယ်တန်းကျောင်းခွဲကိုလည်း အခြေခံပညာအထက်တန်းအဆင့်သို့ မျှော်မှန်းထားသည်။ ကျောင်း၏မြောက်ဘက် မျက်နှာချင်းဆိုင်တွင် စာကြည့်တိုက်ဖွင့်လှစ်နိုင်ဖို့ရည်မှန်းထားသည်။

ကျေးရွာတွင်းလမ်းနှင့် နယ်ကူးလမ်းများ ကတ္တရာလမ်းအဆင့်တိုးမြှင့်ပြီးလျှင် ပညာရေး၊ကျန်းမာရေး၊စီးပွားရေး ပိုမိုတိုးတက်လာကာ စက်ရေတွင်းဖြင့်ရေပေးဝေသောကြောင့် သန့်ရှင်းသောသောက်သုံးရေရရှိပြီး မသန့်ရှင်းသောရေများမှကူးစက်တတ်သောရောဂါများဖြစ်ပွားမှုနည်းပါလာသဖြင့် ကျန်းမာရေးအသုံးစားရိတ်လျော့ကျလာမည်ဖြစ်ပါသည်။ အားကစားကွင်းနှင့် စာကြည့်တိုက်ရှိလာ၍ ကျေးရွာရှိကျောင်းသားကျောင်းသူများ ကျန်းမာကြံ့ခိုင်၍ ပညာဗဟုသုတများစွာရရှိလာပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

စာကြည့်တိုက်၏မြောက်ဘက်တွင် ဆေးပေးခန်းတည်ဆောက်၍ ကျေးရွာလူထုကိုကျန်းမာရေးစောက်ရှောက်မှု ပိုမိုပေးလာနိုင်မည်ဖြစ်သည်။ အနာဂတ်တွင်ခေတ်မှီဖွံ့ဖြိုးတိုးတတ်သော ကျေးရွာတစ်ရွာအဖြစ်သို့ ရောက်ရှိဖို့ရည်မှန်းထားပါသည်။

Scanned by CamScanner

# အစည်းအဝေးမှတ်တမ်း

နေရာ ငါးမြောင်းရွာ၊ သီးတုန်းအုပ်စု၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး
အစည်းအဝေးပြုလုပ်ရခြင်း၏ရည်ရွယ်ချက် အနာဂတ်မျှော်မှန်းချက်မြေပုံရေးဆွဲရန်

| | | | | |
|---|---|---|---|---|
| နေ့စွဲ | ၆ - ၁၂ - ၁၉ | အစည်းအဝေးစတင်ချိန် | နေ့လယ် | ၂နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ | ထ(ခွဲ)ကျောင်း | ပြီးဆုံးချိန် | နေ့လယ် | ၃နာရီ |
| ပံ့ပိုးသူအမည် | မောင်သိန်းနိုင် | ကြာချိန် | | ၁နာရီ |

ကျေးရွာဖွံ့ဖြိုးရေးလှုငယ်မောင်သိန်းနိုင်မှ အစည်းအဝေးတက်ရောက်လာသူများကိုကြိုဆိုကာ အနာဂတ်မျှော်မှန်းချက်မြေပုံရေးဆွဲရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းပြသည်။ ဦးမင်းနွယ်မှ ငါးမြောင်းကျေးရွာကို(၂) အိမ်ကျော်တစ်လမ်းမြို့ကွက်ကျဖြစ်စေချင်ကြောင့်၊ ဦးတင်ဝင်းကြီးမှ ကျေးရွာ ရွာလယ်လမ်းမကြီးကို ကတ္တရာလမ်းဖြစ်စေချင်ကြောင်း၊ ဦးမောင်ကြိုင်မှ ကျေးရွာတွင် စက်ရေတွင်းဖြင့်ရေပေးဝေမှု စနစ်ဖြစ်စေချင်ကြောင်း၊ မောင်သိန်းလင်းမှ ကျေးရွာတွင်စာကြည့်တိုက်ရှိသင့်ကြောင်း၊မောင်မြင့်ခိုင်မှကျေးရွာအားကစားကွင်းရှိသင့်ကြောင်း၊ အခြားသူများကလည်း ဝိုင်းဝန်းဆွေးနွေးကြသည်။

ဦးဝင်းကြိုင်မှ အစည်းအဝေးတက်ရောက်လာသူများကို ကျေးဇူးအထူးရှိကြောင်းပြောပါသည်။

မှတ်တမ်းရေးသူအမည် မောင်မျိုးမင်းထွန်း ခေါင်းဆောင်အမည် ဦးဝင်းကြိုင်

လက်မှတ် လက်မှတ်

Scanned by CamScanner

## အစည်းအဝေးတက်ရောက်သူများစာရင်း

နေ့စွဲ ၆ - ၁၂ - ၂၀၁၉

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁ | ဦးဝင်းကြိုင် | |
| ၂ | ဦးသိန်းနိုင် | |
| ၃ | ဦးမျိုးမင်းထွန်း | |
| ၄ | ဦးသန်းထွေး | |
| ၅ | ဦးသန်းလွင် | |
| ၆ | ဦးမောင်ကြိုင် | |
| ၇ | ဦးကျော်အေး | |
| ၈ | ဦးနက်ကောက် | |
| ၉ | ဦးတင်ဝင်းမောင် | |
| ၁၀ | ဦးအောင်ကြီး | |
| ၁၁ | ဦးအုန်းရွှေ | |
| ၁၂ | ဦးဆွေဝင်း | |
| ၁၃ | ဦးမြင့်ဆွေ(၁) | |
| ၁၄ | ဦးစံချိန် | |
| ၁၅ | ဦးတင်ဝင်း(၂) | |
| ၁၆ | ဦးမြင့်လှိုင် | |
| ၁၇ | ဦးကြည်(၂) | |
| ၁၈ | ဦးနီစပ် | |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ၏ ထူးခြားဖြစ်စဉ်ပြဇယား

နေ့စွဲ ၆ - ၁၂ - ၁၉

| စဉ် | ခုနှစ် | အကြောင်းအရာ | အကျိုးသက်ရောက်မှု | |
|---|---|---|---|---|
| | | | ကောင်းကျိုး | ဆိုးကျိုး |
| ၁ | ၁၉၅၉ | ပြည်တွင်းစစ်ကြောင့် စစ်ဘေးဒုက္ခသည်အဖြစ်ရွာရှေ့ရွာပြောင်းပြုလုပ်ရခြင်း | - | - အသက်အန္တရာယ်စိုးရိမ်ရခြင်း<br>- စိုးရိမ်ကြောင့်ကြမှုရှိရခြင်း |
| ၂ | ၁၉၇၆ | သစ်ထုတ်လုပ်ရေးလမ်းဖောက်လုပ်ခြင်း | - သွားလာမှု လွယ်ကူလာခြင်း | - မြေနေရာ |
| ၃ | ၁၉၈၁ | ကိုယ်ထူကိုယ်ထမူလတန်းကျောင်းဖွင့်လှစ်ခြင်း | - ပညာသင်ကြားခွင့်ရခြင်း | - |
| ၄ | ၁၉၈၆ | အစိုးရမူလတန်းကျောင်းဖွင့်လှစ်ခြင်း | - အစိုးရပညာရေးဝန်ထမ်းရရှိခြင်း<br>- ပညာရေးစရိတ်သက်သာလာခြင်း | - |
| ၅ | ၂၀၁၆ | ကျေးရွာလမ်းမကြီးနှင့်လမ်းသွယ်များတိုးချဲ့ပြုပြင်ခြင်း | - သွားလာမှုအဆင်ပြေလာခြင်း | - |

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ
## ၏
## ထူးခြားဖြစ်စဉ်အစီရင်ခံစာ

နေ့စွဲ ၆ - ၁၂ - ၂၀၁၉

ကျွန်တော်တို့ငါးမြောင်းကျေးရွာ၏ ထူးခြားဖြစ်စဉ်များမှာ (၁၉၅၉)ခုနှစ်တွင် ပြည်တွင်းစစ်ကြောင့် စစ်ဘေးဒုက္ခသည်အဖြစ်ရွာရွှေ့ရွာပြောင်းများလည်းရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ယင်းမာပင်ခရိုင်၊ပုလဲမြို့နယ်၊ ထန်းကင်းကြီးကျေးရွာသို့ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်မှာ (၅)နှစ်ခန့်ကြာမြင့်ခဲ့သည်။

(၁၉၇၆)ခုနှစ်တွင်လည်း နိုင်ငံတော်အစိုးရ၏ သစ်ထုတ်လုပ်ရေးလမ်းဖောက်လုပ်ခဲ့ခြင်းကြောင့် ကျွန်တော်တို့ကျေးရွာလူထု သွားလာမှုလွယ်ကူခြင်းနှင့် လူမှုရေး၊စီးပွားရေးများလည်း အနည်းငယ်ပိုမိုလုပ်ဆောင်နိုင်ခဲ့ကြသည်။

(၁၉၈၁)ခုနှစ်တွင် ကျေးရွာလူထုအားဖြင့် ကိုယ်ထူကိုယ်ထမူလတန်းကျောင်း ကလေးစတင်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ရှေးယခင် ဘုန်းတော်ကြီးသင်ပညာရေးကိုသာ အားထားခဲ့ရာမှ ခေတ်ပညာများကို သင်ကြားခွင့်ရရှိလာခဲ့ကြသည်။

(၁၉၈၆)ခုနှစ်တွင် နိုင်ငံတော်မှ အစိုးရမူလတန်းကျောင်းတိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည့်အတွက် အစိုးရပညာရေးဝန်ထမ်းများရရှိခဲ့ခြင်း ယခင်ထက်ပညာရေး စားရိတ်သက်သာလာခြင်းကောင်းကျိုးများကို ခံစားကြရသည်။

(၂၀၁၆)ခုနှစ်တွင် ကျေးရွာတွင်းရှိ ရွာလယ်လမ်းမကြီးနှင့် လမ်းသွယ်များကို တိုးချဲ့ပြုပြင်ခြင်းများကြောင့် ကျေးရွာတွင်းသွားလာမှု ပိုမိုအဆင်ပြေလာသည်။

Scanned by CamScanner

အစည်းအဝေးမှတ်တမ်း

နေရာ ငါးမြောင်းကျေးရွာ၊ သီးတုန်းအုပ်စု၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး

အစည်းအဝေးပြုလုပ်ရခြင်း၏ရည်ရွယ်ချက် ထူးခြားဖြစ်စဉ်ပြဇယားရေးဆွဲ့ရန်

| | | | | |
|---|---|---|---|---|
| နေ့စွဲ | ၆ – ၁၂– ၂၀၁၉ | အစည်းအဝေးစတင်ချိန် | နေ့လယ် | ၁း၃၀နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ | ထ(ခွဲ)ကျောင်း | ပြီးဆုံးချိန် | နေ့လယ် | ၂း၃၀နာရီ |
| ပံ့ပိုးသူ၏အမည် | မောင်မျိုးမင်းထွန်း | ကြာချိန် | | ၁နာရီ |

ကျေးရွာဖွံ့ဖြိုးရေးလူငယ် မောင်မျိုးမင်းထွန်းမှ အစည်းဝေးတက်ရောက်သူများကိုကြိုဆိုကာ ထူးခြားဖြစ်စဉ်ပြဇယား ရေးဆွဲရန် ရှင်းပြောပြပါသည်။

ဦးကြည်ကြီးမှ ၁၉၅၉ခုနှစ်တွင် ပြည်တွင်းစစ်ကြောင့်စစ်ဘေးဒုက္ခရောက်ကြရကြောင်း ဦးသန်းထွေးမှ ၁၉၇၆ခုနှစ်တွင် သစ်ထုတ်လုပ်ရေးလမ်းဖောက်လုပ်ခြင်းကြောင့် သွားလာမှုအနည်းငယ်အဆင်ပြေလာကြောင်း၊ ဦးစံချိန်မှ ၁၉၈၁ခုနှစ်တွင် ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းစတင်ဖွင့်လှစ်ခဲ့ကြောင်း ၁၉၈၆ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ အစိုးရမူလတန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးခဲ့ကြောင်းပြောပါသည်။ ဦးနက်ကောက်မှ ၂၀၁၆ခုနှစ်တွင် ကျေးရွာတွင်းလမ်းမကြီးနှင့် လမ်းသွယ်များကို တိုးချဲ့ပြုပြင်ခြင်းကြောင့် သွားလာမှု ပိုမိုလွယ်ကူ အဆင်ပြေကြောင်းပြောပါသည်။ ရာအိမ်မှူးဦဝင်းကြိုင်မှ အချိန်ပေးဆွေးနွေးခဲ့ကြသည့် ကျေးရွာသူ/သားများကို လှိုက်လှဲစွာကျေးဇူးတင်ကြောင်းပြောပါသည်။

မှတ်တမ်းရေးသူ---မောင်သိန်းနိုင်

လက်မှတ်------------

ခေါင်းဆောင်အမည်---ဦးဝင်းကြိုင်

လက်မှတ်------------

Scanned by CamScanner

# အစည်းအဝေးတက်ရောက်သူများစာရင်း

နေ့စွဲ ၆ - ၁၂ - ၂၀၁၉

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁ | ဦးဝင်းကြိုင် | |
| ၂ | ဦးသိန်းနိုင် | |
| ၃ | ဦးမျိုးမင်းထွန်း | |
| ၄ | ဦးသန်းထွေး | |
| ၅ | ဦးသန်းလွင် | |
| ၆ | ဦးမောင်ကြိုင် | |
| ၇ | ဦးကျော်အေး | |
| ၈ | ဦးနက်ကောက် | |
| ၉ | ဦးတင်ဝင်းမောင် | |
| ၁၀ | ဦးအောင်ကြီး | |
| ၁၁ | ဦးအုန်းရွှေ | |
| ၁၂ | ဦးဆွေဝင်း | |
| ၁၃ | ဦးမြင့်ဆွေ(၁) | |
| ၁၄ | ဦးစံရှိန် | |
| ၁၅ | ဦးတင်ဝင်း(၂) | |
| ၁၆ | ဦးမြင့်လှိုင် | |
| ၁၇ | ဦးကြည်(၂) | |
| ၁၈ | ဦးနီစပ် | |

Scanned by CamScanner


မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် သီးတွင်းအုပ်စု ငါးမြောင်းကျေးရွာ၏

ဖူလုံကာကွယ် စောင့်ရှောက်မှုပြ ဇယား

ရ.ဝ ၆ - ၁၂ - ၁၉

ကျား (red)

မ (blue)



## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ
## ၏
## လူမှုကာကွယ် စောင့်ရှောက်မှုပြဇယား အစီရင်ခံစာ

နေ့စွဲ ၆-၁၂-၁၉

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာတွင် လူဦးရေစုစုပေါင်း (၈၉၃)ရှိ၍ ကျား(၄၅၆)ဦး၊ မ(၄၃၇)ဦးရှိသည်။ ကျေးရွာ၏ခေါင်းဆောင်နိုင်မှုတွင် အမျိုးသား၇၀ %၊ အမျိုးသမီး၃၀ %၊ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွင်အမျိုးသား၅၀ %၊ အမျိုးသမီး၅၀ %၊ ရပ်ရေးရွာရေးဆုံးဖြတ်ချက်ချနိုင်မှုတွင် အမျိုးသား၆၀ %၊အမျိုးသမီး၄၀ %၊ အရင်းအမြစ်အပေါ်လက်လှမ်းမီမှုတွင် သုံးစွဲနိုင်မှုတွင် အမျိုးသား၅၀ %၊ အမျိုးသမီ၅၀ %၊ပညာတတ်မြောက်မှုတွင် အမျိုးသား၄၀ %၊အမျိုးသမီး၆၀ %၊ လုံခြုံမှုတွင် အမျိုးသား၈၀ %၊အမျိုးသမီး၆၀ %၊ အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသား၆၀ %၊အမျိုးသမီး၄၀ %၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွင် အမျိုးသား၅၀ %၊အမျိုးသမီး၅၀ %၊ အိမ်မှုအပေါ်ဆောင်ရွက်မှုတွင် အမျိုးသား၁၀ %၊အမျိုးသမီး၉၀ %၊ ဝင်ငွေရှာဖွေနိုင်မှုတွင် အမျိုးသား၆၀ %၊ အမျိုးသမီး၄၀ % အသီးသီးရှိကြသည်။

အချုပ်အားဖြင့်ဆိုသော် ပညာတတ်မြောက်မှုနှင့်အိမ်မှုကိစ္စဆောင်ရွက်မှုတွင် အမျိုးသမီးများကသာလွန်၍ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊ အရင်းအမြစ်အပေါ် လက်လှမ်းမီမှုသုံးစွဲနိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့တွင် အမျိုးသား အမျိုးသမီးကွဲပြားမှုမရှိဘဲ ကျန်ရှိသည့်ခေါင်းဆောင်မှု၊ ရပ်ရေးရွာရေးဆုံးဖြတ်ချက်ချမှု၊ လုံခြုံမှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ ဝင်ငွေရှာဖွေနိုင်မှုတို့တွင် အမျိုးသားများက သာလွန်နေသည်ကို တွေ့ရှိရသည်။

ဤလူမှုကာကွယ်စောင့်ရှောက်မှုပြဇယားအရ ကျွန်တော်တို့ငါးမြောင်းကျေးရွာတွင် အမျိုးသမီးများမှာအမျိုးသားများထက် နေရာပေးမှုနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊လုံခြုံမှုနည်းပါးခြင်းတို့ကိုတွေ့ရပါသည်။

Scanned by CamScanner

အစည်းအဝေးမှတ်တမ်း

နေရာ ငါးမြောင်းကျေးရွာ၊ သီးတုန်းအုပ်စု၊ မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး

အစည်းအဝေးပြုလုပ်ရခြင်း၏ရည်ရွယ်ချက်---လူမှုကာကွယ်စောင့်ရှောက်မှုပြဇယားရေးဆွဲရန်

| | | | |
|---|---|---|---|
| နေ့စွဲ ၆.၁၂.၁၉ | အစည်းအဝေးစတင်ချိန် | နံနက် | ၉နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ ထ(ခွဲ)ကျောင်း | ပြီးဆုံးချိန် | နံနက် | ၁၂နာရီ |
| ပံ့ပိုးသူအမည်---မောင်သိန်းနိုင် | ကြာချိန် | | ၃နာရီ |

ကျေးရွာဖွံ့ဖြိုးရေးလူငယ်မောင်သိန်းနိုင်မှ အစည်းအဝေးတက်ရောက်လာသူများအားကြိုဆိုကာ လူမှုကာကွယ်စောင့်ရှောက်မှုပြဇယား ရေးဆွဲခြင်း၏ရည်ရွယ်ချက်ကို ပြောပြပါသည်။

ရာအိမ်မှူးဦးဝင်းကြိုင်မှ ခေါင်းဆောင်မှုတွင် အမျိုးသား၇၀ %ပြော၍၊ ဦးနီစပ်မှပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွင်၅၀ % စီသာရှိကြောင်းပြောပါသည်။ ဦးကျော်မင်းထွန်းမှရပ်ရေးရွာရေး ဆုံးဖြတ်နိုင်မှုတွင်အမျိုးသား ၇၀ %ခန့်ရှိကြောင်းပြောသောအခါ ဒေါ်အေးတုပ်မှ၆၀ %ခန့်သာရှိပါကြောင်းဆွေးနွေးပါသည်။ အရင်းအမြစ်အပေါ်လက်လှမ်းမီမှုသုံးစွဲနိုင်မှုတွင် တက်ရောက်သူအားလုံးက၅၀ %စီရှိကြောင်း ဆွေးနွေးကြသည်။ အခြားသူများမှလည်းပညာတတ်မြောက်မှုလုံခြုံမှုဆွေးနွေးကြသည်။ အိမ်မှုကိစ္စအပေါ် ဆောင်ရွက်မှု၊ ဝင်ငွေရှာဖေနိုင်မှုတို့ကိုလည်းဆက်လက်ဆွေးနွေးကြသည်။

ရာအိမ်မှူး ဦးဝင်းကြိုင်မှ အစည်းအဝေတက်ရောက်လာသူအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိကြောင်းပြောကြားပါသည်။

| | |
|---|---|
| မှတ်တမ်းရေးသူအမည်----မောင်မျိုးမင်းထွန်း | ခေါင်းဆောင်အမည်-----ဦးဝင်းကြိုင် |
| လက်မှတ် ---------- | လက်မှတ် -------- |

Scanned by CamScanner

## အစည်းအဝေးတက်ရောက်သူများစာရင်း

နေ့စွဲ ၆ - ၁၂ - ၂၀၁၉

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁ | ဦးဝင်းကြိုင် | |
| ၂ | ဦးသိန်းနိုင် | |
| ၃ | ဦးမျိုးမင်းထွန်း | |
| ၄ | ဦးသန်းထွေး | |
| ၅ | ဦးသန်းလွင် | |
| ၆ | ဦးမောင်ကြိုင် | |
| ၇ | ဦးကျော်အေး | |
| ၈ | ဦးနက်ကောက် | |
| ၉ | ဦးတင်ဝင်းမောင် | |
| ၁၀ | ဦးအောင်ကြီး | |
| ၁၁ | ဦးအုန်းရွှေ | |
| ၁၂ | ဦးဆွေဝင်း | |
| ၁၃ | ဦးမြင့်ဆွေ(၁) | |
| ၁၄ | ဦးစံချိန် | |
| ၁၅ | ဦးတင်ဝင်း(၂) | |
| ၁၆ | ဦးမြင့်လှိုင် | |
| ၁၇ | ဦးကြည်(၂) | |
| ၁၈ | ဦးနီစပ် | |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ၏ နိုင်းယှဉ်ပြဇယား

နေ့စွဲ ၆ – ၁၂ – ၁၉

| စဉ် | လုပ်ငန်းစဉ်အမည် | ၁ | ၂ | ၃ | ၄ | ၅ | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာချင်းဆက်လမ်း | × | လမ်း | လမ်း | လမ်း | လမ်း | ၄ | ၁ |
| ၂ | (ထ)ခွဲမှအထက်တန်းအဆင့်ရရှိရန် | | × | (ထ)ခွဲမှအထက်တန်း | (ထ)ခွဲမှအထက်တန်း | (ထ)ခွဲမှအထက်တန်း | ၃ | ၂ |
| ၃ | စာသင်ကျောင်းဧရိယာတိုးချဲ့ခြင်း | | | × | စာသင်ကျောင်းဧရိယာတိုးချဲ့. | စာသင်ကျောင်းဧရိယာတိုးချဲ့. | ၂ | ၃ |
| ၄ | ဆေးပေးခန်း | | | | × | ဆေးပေးခန်း | ၁ | ၄ |
| ၅ | သောက်သုံးရေ(အဝီစိတွင်း)ရရန် | | | | | × | ၀ | ၅ |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊

ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များ အခြေအနေတင်ပြချက် ရက်စွဲ ၆ - ၁၂ - ၁၉

| စဉ် | ဆောင်ရွက်လိုသည့် လုပ်ငန်းအမည် | ခန့်မှန်းကုန်ကျစရိတ် ကျပ်သိန်း | လုပ်ငန်းဆောင်ရွက်ရန်ရံပုံငွေလိုအပ်မှု(ကျပ်သိန်း) | | | | အကျိုးပြုအိမ်ထောင်စု | စီမံကိန်းလွှမ်းခြုံမည့်ဧက၊ ဦးရေ/ရွာ | ကျေးရွာဦးစားပေးအဆင့် | လုပ်ငန်းတိုးတက်မှုအခြေအနေ |
|---|---|---|---|---|---|---|---|---|---|---|
| | | | ပြည်သူထည့်ဝင်မှု ကျပ်သိန်း | နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် ကျပ်သိန်း | နိုင်ငံခြားအကူအညီ အထောက်အပံ့ ကျပ်သိန်း | စုစုပေါင်း ကျပ်သိန်း | | | | |
| ၁ | သီးတုန်း-ငါးခြောင်းကျေးရွာချင်းဆက်လမ်း၊ကျောက်ချောလမ်းအဆင့်တိုးမြှင့်လိုခြင်းအရှည်(၂)မိုင်၊ အကျယ်(၃၅)ပေ | ၂၀၀၀သိန်း | လူအင်အား | ၂၀၀၀သိန်း စက်ယန္တရား | – | ၂၀၀၀သိန်း | ၁၀၁၉ | ၃၆၃၉ | ၁ | |
| ၂ | (ထ)ခွဲမှအထက်တန်းအဆင့်တိုးမြှင့်ခြင်း | | | ခွင့်ပြုမိန့်ချပေးရန် | – | | ၁၉၁ | ၈၉၃ | ၂ | |
| ၃ | စာသင်ကျောင်းဧရိယာတိုးချဲ့ခြင်း အကျယ်(၅)ဧက | ၇၅သိန်း | | ၇၅သိန်း | – | ၇၅သိန်း | ၁၉၁ | ၈၉၃ | ၃ | |
| ၄ | ကျေးလက်ဆေးပေးခန်းဖွင့်ပေးခြင်း | ၃၀၀သိန်း | လူအင်အား၊ လုပ်အား | ၂၀၀သိန်း | ၁၀၀သိန်း | | ၁၉၁ | ၈၉၃ | ၄ | မြေနေရာ |
| ၅ | စက်ရေတွင်းတူးဖော်ခြင်း(အဝီစိ) | ၂၀၀သိန်း | လုပ်အား | ၂၀၀သိန်း | – | ၂၀၀သိန်း | ၁၉၁ | ၈၉၃ | ၅ | မြေနေရာ |

### မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ သီးတုန်းအုပ်စု၊ ငါးမြောင်းကျေးရွာ
### ၏
### နိုင်းပြဿနာနှင့် လိုအပ်ချက်များ အခြေအနေတင်ပြချက် အစည်းအဝေးမှတ်တမ်း

ရက်စွဲ ၆-၁၂-၁၉
အစည်းအဝေးနေရာ-ထ(ခွဲ)ကျောင်း
ပွဲပိုးသူအမည် -မောင်မျိုးမင်းထွန်း

အစည်းအဝေးစတင်ချိန်- ညနေ ၄နာရီ
အစည်းအဝေးပြီးဆုံးချိန်- ညနေ ၅နာရီ
အစည်းအဝေးကြာချိန်- ၁နာရီ

အစည်းအဝေးကို မောင်မျိုးမင်းထွန်းမှ စတင်မိတ်ဆက်၍ အစည်းအဝေးပြုလုပ်ရသည့် အကြောင်းရင်းကို ရှင်းပြပါသည်။ ပထမဆုံးအနေနဲ့ နိုင်းယှဉ်ပြဿနာအရင်ဆွဲကြမယ်လို့ပြောပါသည်။ ငါးမြောင်းကျေးရွာ၏ လိုအပ်ချက်တွေက အဝီစိတွင်း၊ ဆေးပေးခန်း၊ အထက်တန်းကျောင်း၊ လမ်း၊ စာသင်ကျောင်းဧရိယာတိုးချဲ့ ခြင်းတွေလို့ပြောပါသည်။ လိုအပ်ချက်တွေထဲမှ ပထမဦးစားပေးအနေနဲ့ ဘာထားမလဲမေးရာ လမ်းထားမယ် လို့ပြောပါသည်။ ဒုတိယအနေနဲ့ အထက်တန်းကျောင်းရရှိခြင်းလို့ပြောပါသည်၊ အဆင့်(၃)အနေနဲ့ စာသင် ကျောင်းဧရိယာတိုးချဲ့ခြင်း၊ အဆင့်(၄)အနေနဲ့ ဆေးပေးခန်း၊ အဆင့်(၅)အနေနဲ့ အဝီစိတွင်းရေ စသဖြင့် အဆင့်သတ်မှတ်ကြပါသည်။ လိုအပ်ချက်အကောင်အထည်ဖော်ဖယားမှာ သီးတုန်း-ငါးမြောင်းရွာချင်းဆက် ကျောက်ချောလမ်းအဆင့်တိုးမြှင့်လိုခြင်း၊ အရှည်(၂)မိုင်၊အကျယ်(၃၅)ပေ ခန့်မှန်းကုန်ကျစရိတ်က(၂၀၀၀)သိန်း၊ ပြည်သူလူထုမှ လူအင်အား၊ နိုင်ငံတော်မှ (၂၀၀၀)သိန်းနှင့်စက်ယန္တရား၊ အကျိုးပြုအိမ်ထောင်စု(၁၀၁၉)စု၊ စီမံကိန်းလွှမ်းခြုံမည့်ဦးရေက (၃၆၃၉)လို့ပြောပါသည်။ စာသင်ကျောင်းဧရိယာ တိုးချဲ့ခြင်းအကျယ်(၅)ဧက၊ ခန့်မှန်းကုန်ကျစရိတ်အနေနဲ့(၇၅)သိန်း၊ နိုင်ငံတော်မှ(၇၅)သိန်း၊ အကျိုးပြုအိမ်ထောင်စု(၁၉၁)စု၊ စီမံကိန်း လွှမ်းခြုံမည့်ဦးရေ(၈၉၃)လို့ပြောပါသည်။ (ထ)ခွဲမှ အထက်တန်းအဆင့်တိုးမြှင့်ခြင်းအတွက် နိုင်ငံတော်မှ ခွင့်ပြုမိန့်ချပေးရန်၊ အကျိုးပြုအိမ်ထောင်စု(၁၉၁)စု၊ စီမံကိန်းလွှမ်းခြုံမည့်ဦးရေ(၈၉၃) လွှမ်းခြုံတယ်လို့ ပြောပါသည်။ ကျေးလက်ဆေးပေးခန်းဖွင့်ပေးခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်အနေနဲ့(၃၀၀)သိန်း၊ပြည်သူထည့်ဝင်မှု လုပ်အား၊ နိုင်ငံတော်မှ (၂၀၀)သိန်း၊နိုင်ငံခြားမှ(၁၀၀)သိန်း၊ အကျိုးပြုအိမ်ထောင်စု(၁၉၁)စု၊စီမံကိန်းလွှမ်းခြုံမည့်ဦးရေ (၈၉၃)ခြုံတယ်လို့ပြောပါသည်။ စက်ရေတွင်းတူးဖော်ခြင်း(အဝီစိ)တွင်းအတွက်ခန့်မှန်းကုန်ကျစရိတ်အနေနဲ့(၂၀၀)သိန်း၊ ပြည်သူမှလုပ်အား၊ နိုင်ငံတော်မှ(၂၀၀)သိန်း အကျိုးပြုအိမ်ထောင်စု(၁၉၁)စု၊ စီမံကိန်းလွှမ်းခြုံမည့်ဦးရေ(၈၉၃)ဖြစ်တယ် လို့ ကျေးရွာလူထုများက ဆွေးနွေးကြပြီး အစည်းအဝေး(၂း၀၀)နာရီတွင် မောင်မျိုးမင်းထွန်းမှ ရုတ်သိမ်းခဲ့ ပါသည်။

Scanned by CamScanner

## အစည်းအဝေးတက်ရောက်သူများစာရင်း

နေ့စွဲ ၆ - ၁၂ - ၂၀၁၉

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁ | ဦးဝင်းကြိုင် | |
| ၂ | ဦးသိန်းနိုင် | |
| ၃ | ဦးမျိုးမင်းထွန်း | |
| ၄ | ဦးသန်းထွေး | |
| ၅ | ဦးသန်းလွင် | |
| ၆ | ဦးမောင်ကြိုင် | |
| ၇ | ဦးကျော်အေး | |
| ၈ | ဦးနက်ကောက် | |
| ၉ | ဦးတင်ဝင်းမောင် | |
| ၁၀ | ဦးအောင်ကြီး | |
| ၁၁ | ဦးအုန်းရွှေ | |
| ၁၂ | ဦးဆွေဝင်း | |
| ၁၃ | ဦးမြင့်ဆွေ(၁) | |
| ၁၄ | ဦးစံချိန် | |
| ၁၅ | ဦးတင်ဝင်း(၂) | |
| ၁၆ | ဦးမြင့်လှိုင် | |
| ၁၇ | ဦးကြည်(၂) | |
| ၁၈ | ဦးနီစပ် | |

Scanned by CamScanner